# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့။ Monday, 27 January 2025 ၁၁၇၁၅


## ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေး အတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေး နှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်

ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော်များ ပေါ်ထွန်းစေချင်သည့်ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများအပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်း စောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၇)ကြိမ်မြောက် ကျင်းပသောစာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း) ဖြစ်သော ယမကနှင့်ပဋ္ဌာနဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

## ပြည်ပသို့ ရေခဲပုစွန် တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန် တင်ပို့ထား

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံမှ ပနားမီးရေခဲပုစွန်များ ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ ရေခဲပုစွန် တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန်တင်ပို့ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"ပြည်ပဈေးကွက် ထိုးဖောက်ဖို့ မြန်မာ့ပနားမီးကို ကမ္ဘာက သိဖို့လိုပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီရေခဲပုစွန် မွေးမြူရာမှာ ရေခဲနှုန်းကျဆင်းတာကြောင့် ပုစွန်ကြီးထွားနှုန်း ကျဆင်းတာ၊ ရောဂါပိုးဝင်တာတွေ ဖြစ်ခဲ့တာရှိပါတယ်။ ဒါကြောင့် မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ မိုးရာသီကာလ ပုစွန်လျှော့မွေးပြီး နွေရာသီမှာ ပိုပြီးမွေးမြူထုတ်လုပ်ဖို့ဆောင်ရွက်နေကြပါတယ်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



## ယနေ့ ဖတ်စရာ




တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော်ဖွင့်ပွဲ ကျင်းပ စာမျက်နှာ » ၅

နှုတ်စကား၊ စာစကား ဆောင်းပါး စာမျက်နှာ » ၆

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် စာမျက်နှာ » ၁၂

ရာသီမရွေး သတိထားရမည့် မီးဘေးအန္တရာယ် ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှု ပြယုဂ်အမှန်ကိုထုတ်ဖော်ပြသ

တရုတ်-မြန်မာနှစ်နိုင်ငံသည် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေသည်။ သမိုင်းမှတ်တမ်းများအရ ခရစ်နှစ် ၉၀၁ ခုနှစ်တွင် နှစ်နိုင်ငံ ဆက်ဆံရေးစတင်ခဲ့သည်။ လူမျိုးအရ၊ ယဉ်ကျေးမှုအရ ထို့ထက်မက ရှည်လျားသော ဆက်နွယ်မှုသမိုင်းကြောင်းရှိသည်။ နှစ်ပေါင်းထောင်ချီဆက်ဆံရေးနှင့် ရှည်လျားသောနယ်နိမိတ်ထိစပ်မှုအရ နှစ်နိုင်ငံအကြား ခိုင်မာသည့်ဆက်ဆံရေးထူထောင်ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေး စသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့သည်။

ရှေးနှစ်ပေါင်းများစွာကတည်းကရှိလာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံပြီး ဆွေမျိုးပေါက်ဖော် ဆက်ဆံလာမှုကြောင့် နှစ်နိုင်ငံကြုံတွေ့လာသည့် အရေးကိစ္စများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမကူညီခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံစတင်ထူထောင်မှုအပေါ် အာရှတိုက်တွင် ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သည့်အလျောက် ထိုအချိန်ကတည်းက ရပ်တည်ခဲ့သည့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလည်း ယနေ့အချိန်အထိ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံလျက်ရှိသည်။ ၁၉၅၄ ခုနှစ်တွင် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း မြန်မာနိုင်ငံသို့လာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တရားဝင်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် စတင်ထူထောင်နိုင်ခဲ့သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ် စိန်ရတုကာလသို့ပင် ရောက်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ ရှည်လျားသည့်သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံဆက်ဆံရေး ဖြစ်ထွန်းမှု၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ် မှစတင်၍ တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားများကို အလေးထားအသိအမှတ်ပြုခြင်း၊ တရုတ်နိုင်ငံ၏ ရေရှည်ကို မြော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့် စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အလေးအနက်ထောက်ခံခြင်းလည်း ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသော ကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်းဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများ အကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံနှင့်လည်း မြန်မာ-တရုတ် စီးပွားရေး စင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခင်းအကျင်းများဖော်ဆောင်ပြီး တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အကြီးအကဲ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ် တရုတ်ဝန်ကြီးချုပ်က တရုတ်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံခရီးစဉ်အတွင်း အတည်ပြုဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ အပြည့်အဝထောက်ခံကူညီအားပေးမည့် အချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ်ထောက်ခံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံရေးယုံကြည်မှုအရ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားမည့်အချက်များစသည်တို့ကို ထပ်လောင်းအတည်ပြုဆွေးနွေးခဲ့သည်။

ယင်းကဲ့သို့ တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည်တို့ တိုးတက်ဖြစ်ထွန်းကောင်းမွန်လာသည်ကို မလိုလားကြသည့် ပြည်တွင်း၊ ပြည်ပမှအဖွဲ့များက နည်းလမ်းမျိုးစုံအသုံးပြုပြီး သွေးခွဲနေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ တရုတ်-မြန်မာနှစ်နိုင်ငံ ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုသား အကြားမထင်သလို မည်သည့်နည်း၊ မည်သည့်လုပ်ရပ်နှင့်မဆို ပျက်ပြားအောင်မပြုလုပ်နိုင်သည်ကို သက်သေပြဖို့လိုသည်။ သို့ဖြစ်ရာ တရုတ်-မြန်မာနှစ်နိုင်ငံကို ခိုင်မာသည့်အိမ်နီးချင်းကောင်း၊ ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် နှစ်နိုင်ငံဆက်ဆံရေးပြယုဂ်အမှန်များကို ထုတ်ဖော်ပြသ၍ သက်သေထူရမည်ဖြစ်ပါကြောင်း။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၈၅ | ၃၃၂၀ | ၃၃၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၀၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၈၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၈၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၈၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ၂၆ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - | ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ၁၇ ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဖတ်ကြားလျှောက်ထားပြီး တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသေဋ္ဌဉာဏာလင်္ကာရထံ ဆက်ကပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**★ ရှေ့ဖုံးမှ**

ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်(၃)လက်အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

**“ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် ၁၇ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက် ”**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ဂဏဝါစကသာမဏေကျော်၊ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတ သာမဏေကျော်၊ မင်္ဂလာဗျူဟာသာမဏေကျော်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်များ၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း(ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံးဒုတိယ)၊ သာသနဓဇ ဓမ္မာစရိယ၊ နိကာယုဇ္ဈောတက ဝိနယဓရဓမ္မာစရိယ၊ နိကာယုဇ္ဈောတက အတ္ထဝိသာရဒ ဒီဃဘာဏက၊ နိကာယဝုမိုသမိတိ ဝိနယကောဝိဒ၊ နိကာယဝုမိုသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိသာသန ဟိတဝိနယဓရ၊ ပရိယတ္တိသာသနဟိတ ဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ၊ မဟာဂန္ထဝံသ မူလအဘိဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ-၁/၂၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအာဘိဓမ္မကောဝိဒ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၉ ခုနှစ်တွင် ကျင်းပသော အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာသတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် ၁၇ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။

**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် အားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဦးစွာ ကြက်တောင်အားကစားခန်းမ၌ စားပွဲတင်တင်းနစ်ခုံများ ခင်းကျင်းထားရှိမှု၊ မြို့မဘောလုံးအားကစားကွင်းနှင့် ပွဲကြည့်စင် အခြေအနေကိုလည်းကောင်း၊ ကော့သောင်းမြို့နယ် ခရိုင်အားကစားခန်းမ၊ တင်းနစ်အားကစားကွင်း၊ ရိုးရာခြင်းလုံးခတ်အားကစားရုံနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး တို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံများ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ရေရှည်တည်တံ့ရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများ လာရောက်လေ့ကျင့်နိုင်စေရေး လိုအပ်သည့် အားကစားပစ္စည်းများ ပေးအပ်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်ကော့သောင်းခရိုင်ရုံးနှင့် မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး စက်ဘီး-မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး



နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စု နယ်မြေ နေပြည်တော် ကိုယ်ပိုင်ကျောင်းများအသင်းက ဦးစီးကျင်းပသည့် စက်ဘီး-မီနီမာရသွန် ပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ဥပ္ပါတသန္တိစေတီတော်ရှေ့ ရာဇဌာနီလမ်းမကြီး၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ဦးစွာ စက်ဘီး-မီနီမာရသွန် ပြိုင်ပွဲများကို အမျိုးသား(မီနီမာရသွန်)ပြိုင်ပွဲတွင် ၁၇၈ ဦး၊ အမျိုးသမီး(မီနီမာရသွန်) ပြိုင်ပွဲတွင် ၆၁ ဦး၊ အသက် ၁၅ နှစ်အောက် စက်ဘီးစီးပြိုင်ပွဲတွင် ၇၈ ဦးနှင့် အသက် ၁၅ နှစ်အထက် စက်ဘီးစီးပြိုင်ပွဲတွင် ၃၈ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၃၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသား(မီနီမာရသွန်) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ အမျိုးသမီး(မီနီမာရသွန်)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ အသက် ၁၅ နှစ်အောက် စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ အသက် ၁၅ နှစ်အထက် စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ ပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း၊ ပြိုင်ပွဲတစ်ခုလုံး၏ ဖွဲ့အကောင်းဆုံးဆုအား လည်းကောင်း နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

# ပျော်ဘွယ်မြို့နယ်၌ လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

ပျော်ဘွယ် ဇန်နဝါရီ ၂၆

ပျော်ဘွယ်မြို့နယ်၌ လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က ပျော်ဘွယ်မြို့နယ်သည် သဘာဝဘေးအန္တရာယ်များအနက် လေပြင်းဘေးအန္တရာယ်ကို အများဆုံးခံစားရသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဘေးအန္တရာယ်ခံစားခဲ့ရသည့် ပြည်သူများအား ပေးအပ်ခဲ့မှုအခြေအနေများကိုလည်း ပြည်သူများမျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအေးမင်းသူက လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးအတွက် နေအိမ်များကို အားဖြည့်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုးက မြို့နယ်အတွင်း လေပြင်းဘေးအန္တရာယ်ကာကွယ်နိုင်ရန် နေအိမ်များပြန်လည် ပြုပြင်ရန်လိုအပ်သည့် စာရင်းကောက်ယူခဲ့မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နေအိမ်ပြုပြင်ရန်လိုအပ်သည့် ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ငွေကြယ်



# ထားဝယ်မြစ်ကမ်းနားလမ်းဘေးရှိ ပြည်သူ့အပန်းဖြေရင်ပြင်တွင် အဏ္ဏဝါအမှိုက်သရိုက်စစ်တမ်းကောက်ယူ



ထားဝယ် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ(စတုတ္ထအကြိမ်) ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်(စ) တွင် ပင်လယ်ကမ်းရိုးတန်းရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် အဏ္ဏဝါအမှိုက်သရိုက် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်အားအသုံးပြု၍ အဏ္ဏဝါအမှိုက်သရိုက် စစ်တမ်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြစ်ကမ်းနားလမ်းဘေးရှိ ပြည်သူ့ အပန်းဖြေရင်ပြင်၌ ဆောင်ရွက်ကြသည်။

ထို့နောက် တနင်္သာရီတိုင်း ဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်း ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များက ပြည်သူ့ အပန်းဖြေရင်ပြင် တစ်လျှောက် အမှိုက်ကြီး၊ အမှိုက်သေးအုပ်စုခွဲ၍ ခွဲခြားကောက်ယူသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များက အမှိုက်ကြီး ၃၅ အုပ်စု၊ အမှိုက်သေး ရှစ်အုပ်စုအား ခွဲခြားကောက်ယူခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

❖ ပြည်ပမှ

မွေးမြူမှုတိုးလာတဲ့အတွက် ပိုကုန်တိုးမြှင့်တင်ပို့နိုင်မှာပါ။ ပြည်ပဈေးကွက်လည်း ဒီထက်ပိုပြီးပွင့်လန်းဖို့ မျှော်လင့်နေပါတယ်”ဟု တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ရေလုပ်ငန်းရှင်များသည် ရေငန်ပုစွန်များကို ပြည်ပသို့တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ပြုတ်၍၊ ဂျပန်နိုင်ငံသို့အေးခဲ၍ တင်ပို့လျက်ရှိပြီး ပြည်ပသို့ လက်ရှိထက် ပိုမိုတင်ပို့နိုင်ရန် ပင်လယ်ပြင်တွင် ဖမ်းဆီးမှုထက် တိုးချဲ့မွေးမြူမှုကို ဆောင်ရွက်လိုကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့ပြင် ရေငန်ပုစွန်မွေးမြူမှုအတွက် ပုစွန်သားပေါက်နှင့် အစာအား ထိုင်းနိုင်ငံမှ နှစ်စဉ်ဝယ်ယူနေရသည့်အတွက် နိုင်ငံတော်နှင့် မွေးမြူထုတ်လုပ်သူများ ရေရှည်အကျိုးစီးပွားရရှိရန် လုပ်ငန်းရှင်များသည် နည်းပညာအကူအညီဖြင့် ပြည်တွင်း၌ သားဖောက် မွေးမြူထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့်ကော့သောင်းမြို့နယ်တို့တွင်ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်နှင့်အညီ ပနားမီးပုစွန်ဖြူများကို ၂၂၁၇ ဒသမ ၅၆ ဧက၌ မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရပြီး ထားဝယ်ခရိုင် သရက်ချောင်း၊ မြိတ်ခရိုင် မြိတ်၊ ပုလော၊ ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တို့တွင် ခွင့်ပြုမိန့်ဖြင့် တိုးချဲ့ ၂၆၆၂ ဒသမ ၆၈ ဧကနှင့် ကျွန်းစုမြို့နယ်တွင် ၃၉၀ ဒသမ ၁၂ ဧက မွေးမြူမှုရှိကြောင်း တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ – ကနူး

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၆

ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေး၊ ဆောက်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး တည်ဆောက်ခဲ့သည်မှာ ၇၅ နှစ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ မိမိတို့ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် အမျိုးသားနယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမူဘောင် (National Spatial Development Framework Plan)ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြို့ပြနှင့် ကျေးလက်ဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် Town Plan များ ရေးဆွဲပေးခြင်း၊ စက်မှုဇုန်များအတွက် ပင်မစီမံကိန်းများ ရေးဆွဲပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာကောင်းများရှိသော မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၊ လမ်းနှင့် တံတားတည်ဆောက်ရေး ဆိုင်ရာ ခေတ်မီနည်းပညာများ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာ ကျန်းတွမ်ထောင်က မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ချုံချင့်မြူနီစီပယ်အစိုးရ အနေဖြင့် ဆောက်လုပ်ရေးကဏ္ဍ အပါအဝင် နယ်ပယ်စုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ ချုံချင့်မြို့သို့ ရောက်ရှိစဉ် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာကုမ္ပဏီကြီးများနှင့် တွေ့ဆုံ၍ ဆွေးနွေးစေလိုကြောင်း၊ ချုံချင့်မြို့နှင့် ပတ်ဝန်းကျင်အား လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြူနီစီပယ်အစိုးရ ကုန်သွယ်ရေးဌာနသို့ သွားရောက်ပြီး ချုံချင့်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရုံဝူနှင့် တာဝန်ရှိသူများ၊ ချုံချင့်မြို့ နိုင်ငံခြားရေးဌာနနှင့် မြို့ပြစီမံကိန်းနှင့် သဘာဝသယံဇာတဗျူရိုမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိနှင့်အတူ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အတူပါရှိလာကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍ အပါအဝင် ဘက်စုံထောင့်စုံ ဆွေးနွေးစေလိုကြောင်း ပြောကြားပြီး ချုံချင့်မြူနီစီပယ်အစိုးရ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရုံဝူက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ပထဝီဝင်အရဖြစ်တည်မှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် အခြေခံ အဆောက်အအုံဆိုင်ရာတို့ကို ဆွေးနွေးကာ တက်ရောက်လာကြသော တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့များသို့ ရောက်ရှိစဉ် အမြန်လမ်းမကြီးများ တည်ဆောက်ထားရှိမှုနှင့် ကွပ်ကဲဆောင်ရွက်နေသည့် အခြေအနေများ၊ တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းခွင်များ၊ မြို့တွင်းလမ်းမများတွင် သစ်ပင်ပန်းမန်၊ လူသွားစင်္ကြံ ပလက်ဖောင်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ပလက်ဖောင်းကတ်တုံးများ ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံအလုပ်ရုံများ၊ မြို့ပြနှင့် အိမ်ရာတည်ဆောက်ရေးဆိုင်ရာ စီမံကိန်း လုပ်ငန်းခွင်များသို့ သွားရောက် လေ့လာခဲ့ကြပြီး ကွမ်ကျိုးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့တွင် ပြည်လည်ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

## တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် လမ်းမကြီးပေါ်၌ ကျင်းပသည်။

အခမ်းအနားကို ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တရုတ်ဘာသာရေးဘုံကျောင်းများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တရုတ်ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

တရုတ်နှစ်သစ်ကူး ဈေးပွဲတော်တွင် အလှကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် အစားအသောက်မျိုးစုံကို စုံလင်စွာရောင်းချပေးလျက်ရှိသည့်အပြင် ရိုးရာခြင်္သေ့အက၊ နဂါးအကအလှပြိုင်ပွဲများ၊ နာမည်ကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အပျော်စီးလှေ၊ ကလေးကစားကွင်းများနှင့် အလှဓာတ်ပုံရိုက်ရန် ဖန်တီးပေးထားသည့် အစီအစဉ်များ ပါရှိကြောင်းနှင့် အဆိုပါဈေးပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုဇော် – MNA**



# နှုတ်စကား၊ စာစကား

ကိုယဉ်ချစ် (မန္တလေး)

လူတိုင်း နေ့စဉ် ကာယကံ၊ ဝစီကံ၊ မနောကံဆိုသည့် အလုပ်သုံးပါးကို မဖြစ်မနေလုပ်နေကြသည်။ အလုပ်သုံးပါးထဲမှ နှုတ်မှု (ဝစီကံ) ဖြင့် စကားပြောဆိုဆက်ဆံကြသည်။ ဘဝကို ရပ်တည်နေကြသည့်အခါ တစ်ဦးတည်းနေ၍မရ။ အနည်းဆုံး မိသားစုနှင့်ဆက်ဆံကြရသည်။ ထိုမှတစ်ဆင့် ရပ်ရွာ၊ မြို့ပြ၊ နိုင်ငံမှ နိုင်ငံတကာအဆင့်ထိ ဆက်ဆံကြရသည်။ ယင်းသို့ ဆက်ဆံကြသည့်အခါ စကားပြောဆိုခြင်းသည် အလုပ်တစ်ခုဖြစ်သည်။ ပြောဆိုကြရာတွင် ယေဘုယျအားဖြင့် နှုတ်မှပြောဆိုခြင်းနှင့် စာရေး၍ပြောဆိုခြင်းတို့ဖြင့် ဆက်ဆံပြောဆိုကြသည်။

> **“ နှုတ်မှု (ဝစီကံ) ဆိုသည့် ပြောဆိုခြင်းအလုပ်သည် လူမှုဆက်ဆံရေးနယ်ပယ်တွင် နက်ရှိုင်းကျယ်ပြန့်သည့်အလုပ်ဖြစ်သည်။ နှုတ်ကြောင့် ကောင်းကျိုး၊ ဆိုးကျိုးများခံစားကြရသည်။ ဆိုးကျိုးများကို ရှောင်ကြဉ်ပြီး ကောင်းကျိုးများခံစားနိုင်ကြရန် သင်ယူလေ့လာမှုများ အမြဲမပြတ်ပြုနေကြရပါမည်။ သင်ယူလေ့လာရာတွင် ပညာရှင်ကြီးများ၏ နှုတ်ဖြင့်ပြောခဲ့သော စကားများ၊ စာဖြင့် ရေးသားပြောကြားထားသည့်စာများကို ရှာမှီးလေ့လာ၍ နာယူမှတ်သား လိုက်နာပါက မိမိတို့ဘဝခရီးလမ်းတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်မည် ”**

နှုတ်သည် အစာစားရန်နှင့် စကားပြောရန်ဖြစ်သည်။ နှုတ်ကို လွဲမှားစွာအသုံးချပါက ဆိုးကျိုးကိုသာဖြစ်စေသည်။ အစာစားရာတွင် မတည့်သည့်အစာစားမိခြင်း၊ လွန်ကဲစွာစားမိခြင်း တို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေတတ်သည့်အပြင် အခန့်မသင့်ပါက အသက်ပင်ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ရှေးပညာရှိကြီးများက တန်ဆေးလွန်ဘေး၊ အဆီစား၍ အသားမဖြစ်ဆိုသည့် စကားများဖြင့် သတိပေးဆုံးမခဲ့ကြသည်။ အစားအသောက်မဆင်ခြင်၍ ဝမ်းထဲသို့ အစာရောက်သွားပြီး ဝေဒနာခံစားရပါက နောက်ကျသွားပြီ ဖြစ်သည်။

**နှုတ်မှပြောဆိုခြင်း**

နှုတ်မှုတစ်မျိုးဖြစ်သည့် စကားပြောဆိုကြရာတွင် ယေဘုယျအားဖြင့် တစ်ဦးချင်းပြောဆိုခြင်း၊ တစ်ဦးမှ အများကိုပြောဆိုခြင်းတို့ကို ပြုလုပ်ကြသည်။ မည်သို့ပြောဆိုသည်ဖြစ်စေ မပြောမီကတည်းက ပြောသင့်၊ မပြောသင့်ကို စဉ်းစားချင့်ချိန်ပြောဆိုခြင်း၊ ပြောသင့်သည့် အချိန်တွင်သာပြောဆိုခြင်း၊ အကျိုးရှိမည့်စကားကိုသာ ရွေးချယ်ပြောဆိုခြင်းတို့ပြုသင့်သည်။ သူတစ်ပါးအကျိုးကို ထိခိုက်နစ်နာစေမည့် ပြောဆိုမှုမျိုးကို ရှောင်ကြဉ်၍ပြောဆိုသင့်သည်။ စကားပြောခြင်းသည် အတတ်ပညာတစ်ခုဖြစ်သည်။ တစ်ဦးချင်းပြောဆိုရာတွင် ယဉ်ကျေးသိမ်မွေ့စွာပြောဆိုပြီး မိမိမနှစ်သက်သကဲ့သို့ အခြားသူ မနှစ်သက်မည့် စကားပြောဆိုခြင်း၊ အသာစီးရယူ၍ အနိုင်အထက်ယူပြောဆိုခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။ စကားတစ်ခွန်း၏အမှားကြောင့် မိတ်ဆွေပျက်ကြရသည်။ ဆက်ဆံရေးပျက်ကြရသည်။ အကျိုးစီးပွားများ ထိခိုက်ပျက်စီးတတ်သည်ကို သတိမူသင့်သည်။

တစ်ဦးမှ အများကို ပြောဆိုခြင်းဆိုသည်မှာ တရားပွဲများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စကားဝိုင်းများဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များကို လူတို့ နှစ်ပေါင်း ၂၆၀၀ ကျော်တိုင်အောင် လိုက်နာကျင့်ကြံနေထိုင်ကြဆဲဖြစ်သည်။ ဗုဒ္ဓညွှန်ပြခဲ့သောတရားတော်များကို ဆရာတော်ကြီးများ ဟောကြားသော တရားပွဲများမှ နာယူမှတ်သားကြရသည်။ လူပုဂ္ဂိုလ်ပညာရှင်များ၏ အတွေ့အကြုံများ၊ စာပေကျမ်းဂန်များ၊ ဟောပြောချက်များသည် နောင်လာနောက်သားတို့အတွက် အထောက်အကူများစွာ ရရှိစေသည်။ မျက်မှောက်ခေတ်တွင် စာရေးဆရာများ၏ ဟောပြောပွဲများကိုလည်း ကြားသိနေရသည်။ ဟောပြောရာတွင် မိမိပြောလိုသည့် အကြောင်းအရာများကို ကြိုတင်လေ့လာပြင်ဆင်ခြင်း၊ စိတ်ကောင်းနှလုံးကောင်းကို အခြေခံ၍ စေတနာပါသော စကားကိုသာပြောဆိုခြင်း၊ အများကောင်းကျိုးပြုနိုင်သည့်အကြောင်းအရာများကို ပြောဆိုခြင်း၊ ကိုယ်ဟန်ပန်အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်း၊ လေယူလေသိမ်းကို ဂရုပြု၍ နားထောင်ချင်စဖွယ်ပြောဆိုခြင်း၊ ရှင်းလင်းပီသသော လေသံဖြင့် ပြောဆိုခြင်း၊ သတ်မှတ်ချိန်အတွင်း လိုရင်းကိုထိရောက်အောင်ပြောဆိုခြင်း၊ ပြောဆိုမည့်အကြောင်းအရာ၏ ရည်ရွယ်ချက် မပျောက်အောင်ပြောဆိုခြင်း၊ ရင့်သီးသော အသုံးအနှုန်းများ၊ တစ်ဖက်သားကို အပုပ်ချတိုက်ခိုက်လိုသည့် ပြောဆိုမှုများကို ရှောင်ကြဉ်ခြင်း၊ ပြောဆိုသည့်အကြောင်းအရာ အချက်အလက်များသည် တိကျမှန်ကန်မှုရှိခြင်း၊ ပရိသတ်အပေါ်၊ ဟောပြောမှုအပေါ် မူတည်၍ အချိန်ကိုက်ဟောပြောခြင်း၊ ပြောဆိုသည့်ခေါင်းစဉ်၊ နိဒါန်းနှင့် နိဂုံးအပိုင်းများ ဆက်စပ်မှုရှိခြင်း စသည့်အချက်များကို အလေးအနက်ထား ပြောဆိုကြရသည်။

ပတ်ဝန်းကျင်နှင့် ဆက်ဆံပြောဆိုကြရာတွင် ရေကူးညာတင်၊ ကောက်ပင်ရိတ်လှီး၊ ရေစီးဖောင်ဆန်၊ အိုးတန်ဆန်ခတ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင့်ဝှေ့ရန်ရှောင်၊ တောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်၊ ရေစစ်ကရား၊ ခက်တင်မောင်းနင်း စသည့်စကားပြောနည်းတို့ကို ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးချနိုင်သူသည် စကားပြောရာတွင် အောင်မြင်မှုများ ပိုင်ဆိုင်ကြသည်။ ထိုပုဂ္ဂိုလ်များ၏ ဆွေးနွေးပြောကြားချက်များကို မှတ်သားအတုယူစရာအဖြစ် လက်ခံရသည်။

ကိုယ်တိုင်ပြောကြားသည့် နှုတ်ထွက်စကားပင် ဖြစ်စေကာမူ မိမိအကျိုးအတွက် သူတစ်ပါးကို လိမ်ညာပြောဆိုခြင်း၊ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲစေရန် ရည်ရွယ်၍ ရန်တိုက်ပေးသည့်စကား ပြောဆိုခြင်း၊ မိမိက အသာစီးရသည်ဟုထင်မှတ်ကာ အနိုင်အထက်ပြု၍ ကြမ်းတမ်းယုတ်မာသောစကားပြောဆိုခြင်းနှင့် မိမိလည်းအကျိုးမရှိ၊ သူတစ်ပါးလည်း အကျိုးမရှိသော၊ အနှစ်သာရမရှိသောစကားများကို ရှောင်ကြဉ်ပြောဆိုရန်လိုသည်။ ဆိုခဲစေ မြဲစေဆိုသည့်စကားအတိုင်း ပြောဆိုလိုက်သည့်စကားသည် မှန်ကန်ရမည်ဖြစ်သကဲ့သို့ ကတိသစ္စာတည်သည့်စကားမျိုးကိုသာ ပြောဆိုသင့်သည်။

မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ သတင်းဖြန့်ဝေမှုများလည်း တိုးတက်လာသည်။ နည်းပညာများသုံးစွဲကာ သတင်းထုတ်လွှင့်မှုများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ သတင်းထုတ်လွှင့်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာနှင့်အညီ ထုတ်လွှင့်မှုများရှိသကဲ့သို့ ကောလာဟလသတင်းများ၊ သတင်းတု၊ သတင်းမှားများနှင့် အမှန်နှင့်အမှား ရောထွေးနေသည့်သတင်းများကို လက်နက်တစ်ခုသဖွယ်အသုံးချ၍ ထုတ်လွှင့်လာကြသည်။ ထိုသတင်းများကြောင့် အသိဉာဏ်အားနည်းသူများသည် ဖြစ်ရပ်အခြေအနေမှန်များအပေါ် အမှန်အတိုင်း သိမြင်ရန်အားနည်းလာကြသည်။ အမှန်အမှား ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတော့ဘဲ မလုပ်သင့်သည့်အလုပ်များကို လုပ်ကိုင်လာကြသည်။ ထို့ကြောင့် ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ပကတိအခြေအနေမှန်များကို သိရှိနိုင်ရန် အမြဲမပြတ် ဆည်းပူးလေ့လာနေကြရမည်ဖြစ်သည်။

**စာရေး၍ ပြောဆိုခြင်း**

စာပေသည် လူသားတို့အတွက် အသိပညာဗဟုသုတ တိုးပွားရေးအတွက် အဓိကကျသည့် အသုံးအဆောင်တစ်ခုဖြစ်သည်။ စာဖတ်သူသည် အသိဉာဏ်ဖွံ့ဖြိုးသည်။ လိမ္မာယဉ်ကျေးသည်။ လူတိုင်း အသိပညာအတွက် စာဖတ်သင့်သည်မှန်သော်လည်း ကောင်းကျိုးရနိုင်မည့်စာပေနှင့် ဆိုးကျိုးဖြစ်စေမည့်စာပေများရှိရာ ရွေးချယ်ဖတ်ရှုရန် လိုအပ်သည်။ အဖျက်သမားများသည် ၎င်းတို့၏အဖျက်အမှောင့် လုပ်ငန်းများအတွက် စာပေကို လက်နက်တစ်ခုသဖွယ် အသုံးချနေကြသည်ကို သတိမူသင့်သည်။

မြန်မာစာပေသည် ကိုယ်ပိုင်စာပေဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ခိုင်မာစွာဖြင့်ရပ်တည်ခဲ့သည့် စာပေဖြစ်ကြောင်း သမိုင်းအထောက်အထားများရှိသည်။ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ကုန်းဘောင်ခေတ်များတွင် ရတု၊ ရကန်၊ ချေင်း၊ အိုင်ချင်း၊ တမ်းချင်း၊ ညည်းချင်း၊ မော်ကွန်း၊ တောလား၊ ဆုတောင်းခန်း၊ ပျို့၊ လူးတား၊ လေးဆစ်၊ တေးထပ်၊ အဲ၊ အံ၊ မေတ္တာစာ၊ တုံးချင်း၊ ဘောလယ်၊ ဇာတ်၊ ပြဇာတ်၊ လင်္ကာ၊ ပတ်ပျိုး၊ ဆေးကျမ်း၊ ဆုံးမစာစသည့် စာပေများ ထွန်းကားခဲ့သည်။ ခေတ်အဆက်ဆက်တွင် စာပေပညာရှင်ကြီးများလည်း ပေါ်ထွန်းခဲ့သည်။ ရှေးခေတ်စာပေပညာရှင်ကြီးများ၏ စာပေများသည် ယနေ့တိုင် အသက်ဝင်ရပ်တည်နေဆဲဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်စသည်တို့၏ ဂုဏ်ပုဒ်များကို အမွှမ်းတင်စပ်ဆိုရေးသားခဲ့ကြသည်များရှိသလို ယဉ်ကျေးလိမ္မာအောင် ဆုံးမပေးသည့် စာပေများလည်း ရေးသားခဲ့ကြသည်။ ကုန်းဘောင်မင်းဆက်နောက်ဆုံးတိုင်းတစ်ပါးကျွန်ဘဝသို့ ကျရောက်သွားသော်လည်း ကင်းဝန်မင်းကြီး၊ မန်လည်ဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီးတို့သည် စာပေအမြောက်အမြား ဆက်လက်ရေးသားခဲ့ကြသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့တို့၏ဖိနှိပ်မှုအမျိုးမျိုးအောက်မှပင် အခွင့်ရလျှင်ရသလို ရေးသားခဲ့သည့်စာပေများလည်းရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီးကာလများတွင်လည်း စာပေပညာရှင်အမြောက်အမြားက ခေတ်ကာလအခြေအနေကို ထင်ဟပ်သော စာပေများရေးသားခဲ့ကြသည်။

စာပေပညာရှင်ကြီးများစွာ ရေးသားခဲ့သည့် စာပေများအနက်မှ အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဗြိတိသျှဘားမားဦးညွန့်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဓမ္မဒါနအဖြစ် ရိုက်နှိပ်လှူဒါန်းခဲ့သည် ဟံသာဝတီဆုံးမစာ ပေါင်းချုပ်စာအုပ်ကို မြန်မာယဉ်ကျေးမှုအရာရှိ ဦးအောင်သိန်း (ဆရာကြီး နန်းညွန့်ဆွေ ) က စီစဉ်တည်းဖြတ် ထုတ်ဝေခဲ့သည်။ ထိုဆုံးမစာပေါင်းချုပ်တွင် ရှေးပညာရှိ ၂၅ ဦးတို့ အထူးစီရင် သွန်သင်ဆုံးမဩဝါဒပေးခဲ့သည့် ဆုံးမစာ ၃၂ စောင်ကို စုစည်းဖော်ပြထားသည်။

အဆိုပါ ဆုံးမစာပေါင်းချုပ်တွင် ရှင်မဟာသီလဝံသ၏ တိလောကဟု ဆုံးမစာ၊ ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်ဆုံးမစာ၊ ဂမ္ဘီသာရဆုံးမစာ၊ သု-စိ-ပု-ဘာ ဆုံးမစာ၊ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရဆုံးမစာ၊ ဩဝါဒမေတ္တာစာ၊ တောင်ဖီလာဆရာတော်၏ ဖျက်စု - ခက်စု - ခဲစု - မမြဲစု၊ စိန္တကျော်သူဦးဩ၏ ဩဝါဒထူးပျို့ ဆုံးမစာ၊ နဝရတ်ကိုးသွယ်လင်္ကာ၊ တွင်းသင်းမင်းကြီး၏ ကြောက်ကြီးကိုးလုံး၊ အတုလဆရာတော်ခင်ကြီးဖျော်၏ ပုတ္တောဝါဒဆုံးမစာ၊ ရွှေကျောင်းဆရာတော် ဦးပညာ၏ မာတောဝါဒဆုံးမစာ၊ မုံရွေးဆရာတော်၏ ဩဝါဒမေတ္တာစာ၊ ကျည်းကန်ရှင်ကြီး၏ စကားပုံမေတ္တာစာ၊ ပေါက္ကံမောင်ချို၏ စကားပုံ၊ စဉ့်ပါဆရာတော်၏ ဓမ္မနီတိချိုးဆုံးမစာ၊ စာတော်ပြင်ဆရာကြီး ဦးပညာ၏ သားရွှေဥဆုံးမစာ၊ ကိုရင်ကြီးတစ်ပါး၏ သားရွှေခဲဆုံးမစာ၊ သားရွှေတောင်ဆုံးမစာ၊ မောင်စံထိန်၏ သားရွှေကြုံဆုံးမစာ၊ ဆရာတော်ဦးဗုဓ်၏ ဂိဟိဝိနယဆုံးမစာ၊ ထွဋ်ခေါင်ဆရာတော်၏ ကမ္မဋ္ဌာန်းသံပေါက်၊ သင်္ဂဇာဆရာတော်၏ သိင်္ဂါလောဝါဒဆုံးမစာ၊ ကျီးသဲလေးထပ်ဆရာတော်၏ ပူရာဏ် - ဓမ္မဂန်ဖတ်စာ၊ လုံးတော်ဆရာတော်၏ ဩဝါဒကထာစာတမ်း၊ ညောင်ပင်သာ ဦးပုည၏ သုတရတနာဆုံးမစာ၊ နားခံတော် ဦးရွှေနီ၏ အတ္တောဝါဒဆုံးမစာ၊ အမှာတော်ရေး ဦးရှင်ကလေး၏ သုတမဉ္ဇူဆုံးမစာ၊ လောကနီတိပျို့၊ ဆီးဘန်းနီဆရာတော်၏ ခတ္တျောဝါဒ၊ ဥပါသကောဝါဒ၊ အရညကောဝါဒများကို လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားခဲ့ရသည်။ စာပေပညာရှင်ကြီးများ၏ ပညာဂုဏ်၊ သမာဓိဂုဏ်များကို လေးစားကြည်ညိုရသည်။

အလားတူ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းစာအုပ်ကို ဖတ်ရှုလေ့လာရာ၌ မြန်မာစာပေ၏ အဆင့်အတန်းနှင့် တန်ဖိုးကြီးမားပုံတို့ကို သိမြင်ခွင့်ရခဲ့သည်။ ပုဂံကျောက်စာခေတ်မှ ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ ပုဂံမင်းဆက် ၅၅ ဆက်၊ ပင်းယမင်းဆက် ခြောက်ဆက်၊ စစ်ကိုင်းမင်းဆက် ခုနစ်ဆက်၊ အင်းဝမင်းဆက် ၃၀၊ ကုန်းဘောင်မင်းဆက် ၁၁ ဆက် စသည့်ကာလများကို ပိုင်းခြားကာ မင်းဆက်အသီးသီးတွင် ပေါ်ထွန်းခဲ့သည့် စာပေပညာရှင်များ၏စာပေများကို တစုတစည်းတည်း လေ့လာခွင့်ရခဲ့သည်။ မြန်မာစာပေ၏ ရာဇဝင်ချုပ်ကလေးပင်ဖြစ်ကြောင်း နိဒါန်းပိုင်းတွင် ဖော်ပြထားသည်။

ဆရာကြီး ဦးသုခ၏ မှတ်အပ်၊ မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု စာအုပ်ကို ဖတ်ရှုလေ့လာရာတွင်လည်း ဆရာကြီး ဦးသုခသည် ဖတ်ရှုခဲ့သည့် ကျမ်းပေါင်း ၂၀၀ ကျော် ၃၀၀ ခန့်ထဲမှ စာပေဆိုင်ရာ၊ ရာဇသတ်၊ ဓမ္မသတ်ဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ကျန်းမာရေး (ဆေးပညာ) ဆိုင်ရာ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာ၊ သဒ္ဒါ၊ အလင်္ကာ၊ စာပေ၊ ကဗျာအရေးအသားဆိုင်ရာကျမ်းများ စသည့်လောကီဗဟုသုတစာအုပ်များမှ ကဏ္ဍပေါင်းစုံကို ရေးမှတ်ခဲ့သည်။ စာအုပ်တွင် မှတ်စုပေါင်း ၁၄၅၀ ခန့်ပါဝင်သည်။

စာမျက်နှာ ၇ သို့ ❑




## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

## ရေထွက်ကုန်နှင့် အသားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်း ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်ရှိ နေကြာပန်း ကဏန်းပျော့မွေးမြူရေးကုမ္ပဏီလီမိတက်၏ ကဏန်းပျော့ မွေးမြူရေးကန် ၂၅ ကန်၌ တစ်နှစ်လျှင် ကဏန်းပျော့ တန်ချိန် ၂၀၀ ခန့်ထုတ်လုပ်၍ ပြည်တွင်းရှိ ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချနေမှုနှင့် စွန့်ပစ်ပစ္စည်းများဖြစ်သည့် အရေလဲထားသော ကဏန်းအရေခွံ၊ ကဏန်းအသေတို့မှ ကဏန်းအမိုင်နိုအော်ဂဲနစ်သဘာဝမြေဩဇာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုအရည်အသွေးမြှင့်တင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် သန်လျင်မြို့နယ် သူဌေးကုန်းကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးခင်မောင်ငယ်၏ မွေးမြူထားသည့် နို့စားနွားအကောင် ၆၀ မွေးမြူထားရှိမှု၊ ညောင်သုံးပင်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမျိုးနိုင်၏ မွေးမြူထားသည့် အသားတိုးကြက်ကောင်ရေ ၃၀၀၀၀ မွေးမြူထားရှိမှုနှင့် နို့စားနွား ၂၂ ကောင် မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လုပ်ငန်းခွင် ဆောင်ရွက်သူများ ကူးစက်ရောဂါ ကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများကို အလေးထားဆောင်ရွက်ကြရန်နှင့် အသားတိုးကြက်များ ကာကွယ်ဆေးထိုးခြင်း၊ ကူးစက်ရောဂါများအတွက် ကြိုတင်ဆောင်ရွက်ထားကြရန် လိုအပ်ချက်များကို သက်ဆိုင်ရာမွေးမြူရေးတောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသမည့် နေပြည်တော်ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ပြသမည့် နေပြည်တော် ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုစဉ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ထုတ်ကုန်များအလိုက် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေကို လိုက်လံရှင်းလင်းပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များမှ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်အမျိုးအစား ၈၃ မျိုး၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးအစား ၂၇ မျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ ထုတ်ကုန်အမျိုးအစား ၄၃ မျိုး၊ ပြည်ပပို့ကုန် အမျိုးအစား ၁၀ မျိုးနှင့် One Region One Product (OROP) ထုတ်ကုန်ပစ္စည်းအမျိုးအစား ၉၁ မျိုးတို့ကို ပါဝင်ယှဉ်ပြိုင်ပြသသွားမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပေါင်းကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ပြခန်းများ ဆောင်ရွက်နေမှုနှင့် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❑ စာမျက်နှာ ၆ မှ

မှတ်စုများကို ဖတ်ရှုလေ့လာသူများ အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် ၂ပါးစု၊ ၃ပါးစု၊ ၄ပါးစု၊ ၅ပါးစု၊ ၆ပါးစု စသည်ဖြင့် ခွဲခြားပြုစုခဲ့သည်။ ထို့အပြင် စာဖတ်သူများ အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် ၂ ပါးစု၊ ၃ ပါးစု စသည်တို့ကို သပ်သပ်စုစည်း၍ အက္ခရာ ဝလိစဉ်ထားပေးသည်။ အက္ခရာဝလိအစီအစဉ်မှာ တက္ကသိုလ်မြန်မာအဘိဓာန်တွင်ထားသော အက္ခရာစဉ် ကာရန်အစဉ်အတိုင်းဖြစ်သည်။ စာအုပ်ထုတ်ဝေနိုင်ရန် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က တည်းဖြတ်စီစဉ်ခဲ့သည့် အဖိုးတန်လှသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာပေပညာရှင်ကြီးများ၊ စာရေးဆရာများသည် သူတို့ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ အသိပညာဗဟုသုတများ၊ ဖတ်မှတ်လေ့လာခဲ့သည့်စာပေများကို နောင်လာနောက်သားများ လေ့လာပွားများ ကျင့်ကြံအားထုတ်နိုင်ကြစေရန် စေတနာထားပြုစုကာ စာပေဖြင့် ပြောကြားခဲ့ခြင်းဖြစ်သည်။ လူကိုယ်တိုင် နှုတ်မှပြောကြားခြင်း မဟုတ်သော်လည်း စာဖြင့်ပြောကြားခဲ့သည့် စကားများဖြစ်သည်။ သူတို့ကိုယ်တိုင် နှုတ်မှပြောကြားနေသလို ခံစားရသည်။ ဗဟုသုတ ရှာမှီးနိုင်သလို စာရေးသူများအနေဖြင့် စာရေးရာတွင် မှီငြမ်းကိုးကားအားထားနေကြရသည်။

လူ့ဘဝရှင်သန်ရပ်တည်နေရချိန်တွင် လူတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အလုပ်သုံးပါးကို နေ့စဉ်လုပ်ဆောင်နေကြရသည်။ နှုတ်မှု (ဝစီကံ) ဆိုသည့် ပြောဆိုခြင်းအလုပ်သည် လူမှုဆက်ဆံရေးနယ်ပယ်တွင် နက်ရှိုင်းကျယ်ပြန့်သည့်အလုပ်ဖြစ်သည်။ နှုတ်ကြောင့် ကောင်းကျိုး၊ ဆိုးကျိုးများခံစားကြရသည်။ ဆိုးကျိုးများကို ရှောင်ကြဉ်ပြီး ကောင်းကျိုးများခံစားနိုင်ကြရန် သင်ယူလေ့လာမှုများ အမြဲမပြတ် ပြုနေကြရပါမည်။ သင်ယူလေ့လာရာတွင် ပညာရှင်ကြီးများ၏ နှုတ်ဖြင့်ပြောခဲ့သောစကားများ၊ စာဖြင့် ရေးသားပြောကြားထားသည့်စာများကို ရှာမှီးလေ့လာ၍ နာယူမှတ်သားလိုက်နာပါက မိမိတို့ဘဝခရီးလမ်းတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

- **ဟံသာဝတီ ဆုံးမစာပေါင်းချုပ်၊ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း၊**
- **ဆရာကြီး ဦးသုခ၏ မှတ်အပ်၊ မှတ်ရာ မှတ်စုပဒေသာသုခမှတ်စု**

# ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်မြောက် ဆေးပဋ္ဌာန်း ရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲအခမ်းအနား ကျင်းပ



ပဲခူး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်မြောက် ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲအောင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဧည့်ပရိသတ်အပေါင်းက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ မြို့မစာသင်တိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြွရောက်လာသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဆေးပစ္စည်းအလှူတော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက်ကြီး၏ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တ သူရိယ မဟာထေရ် ဆရာတော်အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ကြွရောက်လာသည့် သံဃာတော်နှင့် သီလရှင် ၈၁ ပါးတို့အား ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ကြွရောက်လာသည့် သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးခြင်း၊ ဆေးဝါးအခမဲ့ ပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပဲခူးမြို့ကျက်သရေဆောင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်ရင်ပြင်တော်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရဟန်းရှင်လူ ပြည်သူအပေါင်း အသက်ရှည်စွာ အနာမရှိကြဘဲ ရောဂါဘေးဘယာများ ဝေးကွာစေခြင်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး နှစ်ပေါင်းများစွာ အဓွန့်ရှည်တည်တံ့စေနိုင်ရေး မျှော်ရည်မှန်း၍ သံဃာတော်အရှင်သူမြတ်များက ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်းအား သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ကျန်းမာရေးဆိပ်ခံတံတားမှ ရန်ကုန်မြစ်ဝရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကမ်းလွန်ရေကြောင်းပြစခန်း (Offshore Fixed Pilot Station) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတကာ ကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းခန့်ကို ရန်ကုန်ဆိပ်ကမ်းမှ ကိုင်တွယ်ဝန်ဆောင်မှုပေး၍ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းတင်ပို့ပေးလျက်ရှိရာ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသဖြင့် ဆိပ်ကမ်းလုပ်ငန်းများ ကောင်းစွာလည်ပတ်နေနိုင်ရန် နေ့/ည ရာသီမရွေး ပင်လယ်ထဲနှင့် ရေလမ်းကြောင်းတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေကြရသည့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ဌာနအတွက် အရေးပါသည့်ကဏ္ဍတွင် ပါဝင်ကြောင်း၊ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာဖြင့် တည်ဆောက်ထားသော Pilot Station ကိုလည်း ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး တန်ဖိုးထားဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အတွက် ဝင်ငွေများ တိုးတက်ရှာဖွေပေးနိုင်ကြရန် တိုက်တွန်းအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Pilot Station တည်ဆောက်ခြင်းဆိုင်ရာအချက်အလက်များ၊ Pilot Transfer Operation ဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေကြောင်းပြစခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ဒုတိယဝန်ကြီးသည် အသွားအပြန်ခရီးစဉ်တစ်လျှောက် ရန်ကုန်နှင့် သီလဝါဆိပ်ကမ်း ဇရိယာရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတားများ၊ ရေလမ်းကြောင်း ကောင်းမွန်အောင် သတ်မှတ်ရေအနက်ကို ထိန်းထားနိုင်ရန် သောင်တူးဖော်ဆောင်ရွက်လျက်ရှိသည့်နေရာများ၊ ရေလမ်းကြောင်းတစ်လျှောက် ရေလမ်းကြောင်းအချက်ပြ မီးဗော်ယာများ စနစ်တကျ နေရာချထားမှုအခြေအနေများနှင့် ဆိပ်ကမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းနေရာများကို ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေကြောင်း သတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER (Call Sign: XVCH7) ရေယာဉ်ဖြင့် ၂၇-၂-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Geotechnical Site Investigation Survey (GTI) လုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ကမ်းလွန်လုပ်ကွက် M-5/M-6 (ရတနာ) ရှိ Well Location များ-**

| Point | Latitude | Longitude |
|---|---|---|
| M5-Exp C1 | 15° 07 45.2615" N | 94° 10' 10.5131" E |
| M5-Exp C2 | 15° 02' 50.3772" N | 94° 06' 0.4221" E |
| M6-Exp CA | 15° 22' 58.0671" N | 95° 13' 59.3578" E |
| M6-Exp CF | 15° 17' 6.1839" N | 95° 09' 29.2190" E |
| Yadana-Infill WP2 | 15° 09' 08.887" N | 94° 46' 50.887" E |
| Badamya-Infill WP4 | 15° 09' 38.119" N | 94° 43' 02.108" E |
| Apprisal-C1 | 15° 09' 23.5281" N | 94° 09' 48.4001" E |
| Apprisal-C2 | 15° 03' 33.7316" N | 94° 05' 35.7351" E |

**(ခ) ကမ်းလွန်လုပ်ကွက် M-9 ( ဇောတိက) ရှိ Wellhead Platform Location -**

| Point | Latitude | Longitude |
|---|---|---|
| WPH Zawtika-41 | 14° 27’ 18.58712” N | 95 34’ 56.27678” E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက် အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER (Call Sign: XVCH7) ရေယာဉ်ဖြင့် ၂၇-၂-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။



ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းဖြစ်မြောက်ရေးအဖွဲ့နှင့် Sunshine Energy Technology Co.,Ltd တို့၏ပံ့ပိုးမှုဖြင့် တရုတ်နှစ်သစ်ကူးအကြိုမိတ်ဆုံစားပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မန္တလေးစားသောက်ဆိုင်၌ ကျင်းပစဉ်။ သတင်းစဉ်

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်စို့

ညွန့်ဝင်း(နတ်တလင်း)

လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကိုမှီခိုနေထိုင်ကြရသည်။ ကျောက်ခေတ်မှ ယနေ့ခေတ်တိုင်အောင် သဘာဝပတ်ဝန်းကျင် ရင်ခွင်ထဲတွင် ကျင်လည်ကျက်စားလာခဲ့ရသည်။ နောင်တွင်လည်း သဘာဝပတ်ဝန်းကျင်ကို ဆက်လက်မှီတွယ်ကြရဦးမည်ဖြစ်သည်။ လူသားတို့မှီတင်းနေထိုင်ရာ တောတောင်၊ ရေ၊ မြေ၊ လေ စသော သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် ကျေးဇူးကြီးမားသော မိတ်ဆွေကောင်းကြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏စားဝတ်နေရေးအတွက် လိုအပ်သော သယံဇာတများကို ထိုသဘာဝမိတ်ဆွေကောင်းကြီးထံမှ ရရှိသောကြောင့်ဖြစ်သည်။ လူအပါအဝင် သက်ရှိသတ္တဝါတို့အသက်ရှင်သန်မှုအတွက် ရှူရှိုက်ရသောအောက်ဆီဂျင်ကို သဘာဝလေထုက လက်ဆောင်အဖြစ်ပေးထားသည်။ တစ်မနက်ပင် အငတ်မခံနိုင်သော ရေသယံဇာတကို သဘာဝမိခင်မြေကြီးက တိုက်ကျွေးနေပါသည်။ ဤသို့ လူသားတို့ကိုများစွာအကျိုးပြုနေသော သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရေးသည် လူသားတိုင်း ပါဝင်ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။


အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မြင်းခြံခရိုင်၌ သစ်ပင်များစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

လူသားနှင့် သဘာဝပတ်ဝန်းကျင်သည် အညမည အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ လူသားတို့သည် သဘာဝပတ်ဝန်းကျင်တွင် အခြေချနေထိုင်ပြီး သဘာဝပတ်ဝန်းကျင်ကပေးသော သယံဇာတများကို အသုံးပြုရှင်သန်ရလေသည်။ မြေ၊ ရေ၊ လေ တို့က လူသားတို့အတွက် အဖိုးတန်ကောင်းကျိုးတို့ကို စဉ်ဆက်မပြတ်ပေးအပ်နေသကဲ့သို့ ၎င်းတို့ချင်းလည်း အပြန်အလှန် ဆက်စပ်အမှီသဟဲပြုလျက်ရှိသည်။ ထိုမြေ၊ ရေ၊ လေ တို့နှင့် လူသားတို့သည်လည်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန်တည်မှီနေသည့် ကွင်းဆက်များဖြစ်သည်။ ယင်းသို့ကွင်းဆက်များရှိနေသည့်စနစ်ကို ဂေဟစနစ်ဟုခေါ်သည်။ သို့သော် လူသားတို့သည် သဘာဝတရား၏ဆက်စပ်ဖြစ်တည်မှုဂေဟစနစ်ကို အလေးမထားဘဲ ကမ္ဘာ့လေထု၊ မြေထု၊ ရေထုတို့ကို အလွန်အကျွံအသုံးချမှုများကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာရသည်။ ထိုယိုယွင်းပျက်စီးမှုများကို အချိန်မီ ထိန်းသိမ်းပြုပြင်မှုမလုပ်ခဲ့လျှင် ဂေဟစနစ်များ ပိုမိုပျက်ယွင်းကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ပေါ်လာပြီး လူသားတို့၏ ရှင်သန်နေထိုင်မှုကို ဒုက္ခပေးလာမည်ဖြစ်သည်။

### ကမ္ဘာ့အပူချိန်ပို၍တိုးလာရ

လူသားတို့၏ပယောဂကြောင့်သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး မယုံကြည်နိုင်လောက်အောင် အဘက်ဘက်မှ ဆုတ်ယုတ်လာသည်။ တစ်နေ့တခြား တိုးပွားလာသော ကမ္ဘာ့လူသားများက မိမိတို့နေရာထိုင်ခင်းအတွက် သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းကြသည်။ သစ်များ အလွန်အကျွံထုတ်လုပ်ကြသည်။ လောင်စာအတွက် အသုံးပြုကြသည်။ ထိုအခါ ကမ္ဘာမြေကို ထီးကဲ့သို့အုပ်မိုးပေးထားသော သစ်တောသစ်ပင်များ လုံးပါးပါးလာပြီး စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်သည် ကန္တာရလွင်တီးခေါင်ဖြစ်လာရသည်။ သစ်ပင်များ လျော့ပါးလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူနိုင်မှုအားနည်းလာသည်။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ များပြားလာသည့်အခါ ကမ္ဘာ့အပူချိန်ပို၍တိုးလာရသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် နေမှလာသော အနီအောက်ရောင်ခြည်များကို စုပ်ယူကာ ပြန်မလွှတ်ဘဲစုဆောင်းထားသည်။ ထိုအခါ အနီအောက်ရောင်ခြည်ကြောင့် လေထုအပူချိန်ကို မြင့်မားလာစေပြီး ကမ္ဘာမြေ၏ ဝင်ရိုးစွန်းဒေသမှ ရေခဲတောင်များ အရည်ပျော်လာရသည်။ ထို့ကြောင့် ပင်လယ်ကမ်းစပ်ကုန်းမြေများ ရေလွှမ်းမိုးခံရပြီး ရေခဲဒေသမှ ကျေးငှက်တိရစ္ဆာန်တို့ သေကျေပျက်စီးကြရသည်။ ပုံမှန်အားဖြင့် ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုပမာဏမှာ အလွန်နည်းပါးပြီး တစ်ရာခိုင်နှုန်းပင်မရှိပေ။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်နှုန်းမြင့်မားလေလေ ပူပြင်းလေလေဖြစ်သည်။ သောကြာဂြိုဟ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ရာခိုင်နှုန်း ၉၀ ကျော်ရှိ၍ အပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ် ဝန်းကျင်အထိမြင့်မားကာ လောင်ကျွမ်းလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုက်လျော့နည်းမှသာ အပူရှိန်နည်းပြီး လူသားတို့အသက်ရှူရာတွင် သန့်စင်သော အောက်ဆီဂျင်ကိုလည်း ရရှိမည်။ ရာသီဥတုပူပြင်းမှု လျော့နည်းပြီး မိုးခေါင်မှုဘေးမှကင်းဝေးမည်။

**“ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ကို ကုစားပြုပြင်ရန် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချပေးရမည်ဖြစ်သည်။ ထိုသို့လျှော့ချရန် ရေနံ၊ ကျောက်မီးသွေး ရုပ်ကြွင်းလောင်စာများအစား နေရောင်ခြည်စွမ်းအင်နှင့် ဇီဝလောင်စာများ အစားထိုးရမည်။ သစ်တောများသည် ကမ္ဘာ့လေထု၏ ၈၀ ရာခိုင်နှုန်းကို စုပ်ယူလျှော့ချပေးနိုင်သဖြင့် သစ်ပင်များကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပြီးသစ်ပင်များရှင်သန်အောင် ဂရုစိုက်ခြင်း၊ သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရမည်”**

အကယ်၍သာ ကာဗွန်ဒိုင်အောက်ဆိုက်များပြားလာမှုကိုမထိန်းချုပ်နိုင်လျှင် အပူရှိန်ပြင်းထန်မှုကြောင့် ရေခဲတောင်များအရည်ပျော်ပြီး ကျွန်းစုများနှင့် ပင်လယ်ကမ်းစပ်မြို့များသည် ရေအောက်သို့ နစ်မြုပ်သွားရပေလိမ့်မည်။ စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သော တန်ချိန်သန်းပေါင်း ထောင်ချီသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုထဲတွင် များပြားလာသဖြင့် ကမ္ဘာကြီးပူနွေးပြီး ရာသီဥတုဖောက်ပြန်၍ အပူလှိုင်း၊ အအေးလှိုင်းတို့ ဖြတ်သန်းခြင်း၊ မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ကာ အသက်အိုးအိမ်များစွာကို ဝါးမျိုဖျက်ဆီးပစ်နိုင်သည်။ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းကြောင့် လူ့အသက်တစ်သိန်းကျော်နှင့် အိုးအိမ်စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရသည်က သက်သေဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကြီး၏ နာမကျန်းဖြစ်လာသော သဘာဝပတ်ဝန်းကျင်ကို ကုစားရန်သည် လူသားတို့၏တာဝန်မှတစ်ပါး အခြားမရှိတော့ပြီ။

### ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချပေးရမည်

ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ကို ကုစားပြုပြင်ရန် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချပေးရမည်ဖြစ်သည်။ ထိုသို့လျှော့ချရန် ရေနံ၊ ကျောက်မီးသွေး ရုပ်ကြွင်းလောင်စာများအစား နေရောင်ခြည်စွမ်းအင်နှင့် ဇီဝလောင်စာများ အစားထိုးရမည်။ သစ်တောများသည် ကမ္ဘာ့လေထု၏ ၈၀ ရာခိုင်နှုန်းကို စုပ်ယူလျှော့ချပေးနိုင်သဖြင့် သစ်ပင်များကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပြီးသစ်ပင်များရှင်သန်အောင် ဂရုစိုက်ခြင်း၊ သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ဥပမာ- ကားမစီးဘဲ စက်ဘီးစီးခြင်း၊ လျှပ်စစ်ဓာတ်အား ချွေတာခြင်း၊ တစ်နိုင်တစ်ပိုင်သစ်ပင်များ စိုက်ပျိုးခြင်း စသည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိုသို့ပြုလုပ်ထိန်းသိမ်းကြရန် ဆရာဇော်ဂျီက “ပုပ္ပားမောင် တောင်ကတုံး၊ သျှောင်ထုံးစို့ကွယ် တို့ရယ်” ဟု ကဗျာဖြင့်နှိုးဆော်ခဲ့သကဲ့သို့ စာဆိုဘုတလင်ချစ်လေးကလည်း “သည်ချောင်းအရေး၊ အသက်ပေး၍၊ တံ့နေးမဆာ၊ ဖြေရှင်းရမည်”ဟု ကဗျာခေါင်းလောင်းထိုး၍ နှိုးဆော်ခဲ့သည်။

နည်းပညာမြင့်မားလာသည်နှင့်အမျှ လူတို့သည် အခန်းများတွင် လေအေးစက်များကို တပ်ဆင်ကြသည်။ အဖျော်ယမကာနှင့် အချိုရည် စသည်တို့ကို အေးအေးမြမြသောက်သုံးနိုင်ရန် ရေခဲသေတ္တာကို တီထွင်သုံးစွဲကြသည်။ မိမိ၏ ကိုယ်ခန္ဓာရနံ့သင်းပျံ့စေရန် ရေမွှေးများ ထုတ်လုပ်ပက်ဖျန်းကြသည်။ ယင်းလုပ်ရပ်တို့၏ ဘေးထွက်ဆိုးကျိုးကား လေထုထဲသို့ ကလိုရိုဖလူအိုရိုကာဗွန်ဓာတ်ငွေ့များ ထွက်လာခြင်းပင်ဖြစ်သည်။ ထိုဓာတ်ငွေ့သည် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသော အိုဇုန်းလွှာကိုတိုက်စားပြီး တဖြည်းဖြည်းပါးလွှာကာ အပေါက်ဖြစ်လာစေသည်။ ခရမ်းလွန်ရောင်ခြည်သည် ထိုအိုဇုန်းလွှာအပေါက်မှဖြတ်သန်း၍ ကမ္ဘာမြေပြင်ပေါ်သို့ကျရောက်သည့်အခါ လူသားတို့ အရေပြားနှင့်ထိတွေ့ပြီး အရေပြားကင်ဆာရောဂါ ဖြစ်စေသည်။ ထို့ကြောင့် နေမှလာသောခရမ်းလွန်ရောင်ခြည်ကို လူသားတို့နှင့်မထိတွေ့စေရန် ကြားခံတံတိုင်းကြီးသဖွယ် ကာကွယ်ပေးနေသော အိုဇုန်းလွှာမပျက်စီးရေးအတွက် ကလိုရိုဖလူအိုရိုကာဗွန်ဓာတ်ငွေ့လျှော့ချရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

### အက်စစ်မိုးများရွာသွန်း

ကမ္ဘာ့လူဦးရေတိုးပွားမှုနှင့်အတူ စားရေရိက္ခာထုတ်လုပ်ရေးကလည်း အရေးပါလာသည်။ သီးနှံများကို သမားရိုးကျနည်းဖြင့် အချိန်ကုန်ခံမစိုက်ပျိုးတော့ဘဲ အချိန်တိုကာလအတွင်း သီးနှံအထွက်တိုးရေးနည်းလမ်းများကို ရှာဖွေလာကြသည်။ သီးနှံအထွက်တိုးရန် ဓာတ်မြေသြဇာများ၊ ဓာတုပိုးသတ်ဆေးများကို များစွာအသုံးပြုလာကြသည်။ စိုက်ပျိုးရေးတွင်အသုံးပြုလိုက်သော နိုက်ထရိုဂျင်ဓာတ်မြေသြဇာများသည် သဘာဝမြေကြီး၏ မီသိန်းဓာတ်ငွေ့စုပ်ယူနိုင်သောစွမ်းအားကို ထိန်းချုပ်တားဆီးထားလေသည်။ ထိုအခါ လေထုထဲတွင်မီသိန်းဓာတ်ငွေ့များ ကြောက်ခမန်းလိလိစုဝေးလာကာ ကမ္ဘာကြီး၏အပူချိန်ကို မြင့်မားလာစေပြန်သည်။ စက်ရုံအလုပ်ရုံများတွင်အသုံးပြုသော ဓာတုဆေးများသည်လည်း မိုးရေမှတစ်ဆင့် မြေကြီးနှင့် မြစ်ချောင်းအင်းအိုင်ထဲသို့ပျံ့နှံ့စိမ့်ဝင်ကာ အဆိပ်အတောက်များဖြစ်ပွားစေသည်။ ထို့အတူ ကလိုရင်းဓာတ်အခြေခံသော ချွတ်ဆေးများမှ ကင်ဆာရောဂါဖြစ်စေနိုင်သော ဒိုင်အောက်ဇင်းဓာတ်အညစ်အကြေးများသည် မြစ်ချောင်းအတွင်း စိမ့်ဝင်ကာ အဆိပ်အတောက်များ တိုးပွားလာစေပြန်သည်။ ကျောက်မီးသွေးများ လောင်ကျွမ်းမှုကြောင့်လည်း လေထုညစ်ညမ်းကာ အက်စစ်မိုးများရွာသွန်းစေသည်။ စာမျက်နှာ ၁၁ သို့ ◆

# ဗောဓိမဏ္ဍိုင်မြကံသာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

ဘားအံ ဇန်နဝါရီ ၂၆

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အမိတာရာမရဲကျောင်းတိုက်ရှိ ဗောဓိမဏ္ဍိုင်မြကံသာ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက အမိတာရာမရဲ ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာလင်္ကာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က အမိတာရာမရဲ ကျောင်းတိုက်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်၊ သီလရှင်စုစုပေါင်း ၁၀၈ ပါးတို့အား ဆန်၊ ဆီ၊ ဆေး၊ ဆားအစရှိသော လှူဖွယ်ပစ္စည်းများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်းမှ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် မျှော်လင့်ချက်များစွာထားရှိသကဲ့သို့ မိမိတို့ပြည်နယ်အစိုးရအနေဖြင့်လည်း လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုကြောင်း၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကိုလည်း အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများကို လိုက်နာပြီး အရည်အချင်းရှိသောသူနာပြုများဖြစ်အောင်၊ ပြည်သူအတွက်အားကိုးအားထားပြုရသော သူနာပြုများဖြစ်အောင် သင်တန်းကာလအတွင်း တက်တက်ကြွကြွ ကြိုးစားသင်ယူလေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၆**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးသတိရှိရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက သီရိမင်္ဂလာ ရပ်ကွက်အတွင်း၌ တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ လှည့်လည်စစ်ဆေးပညာပေးရာတွင် မီးချိတ်/ မီးကပ်များထားရှိရေး၊ သဲ/ရေ/လှေကားများ အဆင်သင့်ထားရှိရေးနှင့် မီးဖိုမီးသုံးစွဲရာတွင် မြေကျင်းတူးသုံးစွဲကြရန်နှင့် လျှပ်စစ်မီးနှင့် ချက်ပြုတ်ပါကလည်း မီးကြိုးများ၊ မီးခုံများ ကြံ့ခိုင်မှုရှိစေရန်၊ မီးဖိုမီးသုံးစွဲနေမှုအခြေအနေ၊ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် မီးလောင်လွယ်ပစ္စည်းများ သိုလှောင်သိမ်းဆည်း ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည့် အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ စစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်း အိမ်ခြေ ၂၂၀ ကို တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရွှေဘိုမြို့၌ ဆံပင်ဆံအုပ်(ဘိုးကလစ်) ပြုလုပ်နည်းသင်တန်းဖွင့်

ရွှေဘို ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆံပင်ဆံအုပ်(ဘိုးကလစ်) ပြုလုပ်နည်းသင်တန်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက အမျိုးသမီးငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းနည်းပြ ဒေါ်ဝင်းပပထွန်းက သင်တန်းတွင် အခြေခံအဆင့် ဆံပင်ဆံအုပ်(ဘိုးကလစ်) ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူစုစုပေါင်း ၂၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခရမ်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ခရမ်း ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် သက္ကယ်ကုန်းအလယ်တန်းကျောင်းတွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပြုလုပ်ပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှု၊ မွေးဖွား သေဆုံး/ ပြောင်းဝင်/ ပြောင်းထွက် လုပ်ငန်းတို့၏အရေးပါပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြုပြင်ခြင်းနှင့် ပျောက်ဆုံးပျက်စီးမှုများ ရှိပါက သက်ဆိုင်ရာဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်းနှင့် ဌာနမှ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူ ၁၁၇ ဦးတို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

◆ စာမျက်နှာ ၁၀ မှ

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများကို ဖြေရှင်းရာတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်နိုင်ချင်းဖြေရှင်း၍ မအောင်မြင်နိုင်ပေ။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကော်မရှင်ကိုဖွဲ့စည်းကာ ကမ္ဘာမြေစိမ်းလန်းသာယာပြီး သန့်ရှင်းသပ်ရပ် လှပစေရန်နှင့် လုံခြုံစိတ်ချရပြီး ကောင်းမွန်သောကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်တစ်ရပ်ရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရည်ရွယ်ချက်များဖြင့် လူသားများအား သယံဇာတအရင်းအမြစ်များကို အချိန်အခါမရွေး ထင်သလိုရရှိနေမည်မဟုတ်သောကြောင့် သဘာဝအရင်းအမြစ်များကို ရေရှည်သုံးနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းထားပေသည်။ ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကော်မရှင်က သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့်အသီးသီးမှ စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ သစ်တောများ၊ သမုဒ္ဒရာများ၊ ရေချိုနှင့် သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့အောင် စီမံခန့်ခွဲသည့် နည်းလမ်းများကိုလည်း ရှာကြံပေးသည်။ ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း ငွေကြေးနှင့် နည်းပညာအကူအညီများ ပေးကြရန်လည်း တိုက်တွန်းထားသည်။ မည်သို့ပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ဖြင့် နိုးကြားစွာပါဝင်ဆောင်ရွက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးကို လှမ်းမျှော်ကြည့်လိုက်လျှင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်။ တရုတ်နိုင်ငံတွင် သစ်ပင်ပြန်လည်စိုက်ပျိုးရေးကို ယန်စီမြစ်ဒေသတစ်လျှောက်တွင် ၁၉၉၀ ပြည့်နှစ်မှ စတင်လုပ်ဆောင်ခဲ့သည်။ ဒေသခံအစိုးရအနေဖြင့် သစ်ထုတ်လုပ်မှုပိတ်ပင်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်ပြီး သစ်တောထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ စိုက်ပျိုးသစ်ပင်များ ၈၀ ရာခိုင်နှုန်းရှင်သန်ပြီး ရေထုနှင့် မြေထု ထိန်းသိမ်းမှုများကို သိသာတိုးတက်စေခဲ့ကြောင်း သိရှိရပေသည်။ မြန်မာနိုင်ငံသည်လည်း သဘာဝပတ်ဝန်းကျင်ရေမြေတောတောင် စိမ်းလန်းစိုပြည်သာယာရေးအတွက် နိုင်ငံတော်က သစ်တောသစ်ပင်များရှင်သန်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးပြုစု ကာကွယ်ထိန်းသိမ်းလျက်ရှိရာ ကြိုးဝိုင်းသစ်တော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေ ဧရိယာစတုရန်းမိုင် ခြောက်သောင်းကျော်ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည်။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းများ၊ သဘာဝနယ်မြေနှင့် ဘေးမဲ့တောထူထောင်ခြင်းများကို ဖော်ဆောင်လျက်ရှိပါသည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကော်မရှင်က ၁၉၈၇ ခုနှစ်တွင် "ကျွန်ုပ်တို့၏ဘုံအနာဂတ်" ဟူသော စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုစာတမ်းတွင် "ဖွံ့ဖြိုးတိုးတက်မှုပုံသဏ္ဍာန်အမျိုးမျိုးသည် ပတ်ဝန်းကျင်အရင်းအမြစ်ပေါ်တွင် အခြေခံပေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့သည် ပတ်ဝန်းကျင်အရင်းအမြစ်များအား ထိပါးပျက်စီးစေသည်" ဟု ဖော်ပြထားသည်။ သဘာဝကမ္ဘာမြေကြီးပျက်စီးရခြင်းမှာ လူတို့၏စီးပွားရေးနှင့် လူမှုရေးမညီမျှမှုတို့၏ အကျိုးဆက်ဟုဆိုပါသည်။ လူသားတို့၏ မိုက်မဲမှု၊ ဥပေက္ခာပြုမှု၊ အမြော်အမြင်ကင်းမဲ့မှု၊ တစ်ကိုယ်ကောင်းဆန်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးရခြင်းဖြစ်ပေရာ မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား။** ။ **ဝန်းကျင်ကမ္ဘာထိန်းသိမ်းပါ(ဦးရဲဝေ မြန်မာစာ)**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (ဒေါက်တာဇော်လွင်)**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၆**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာသို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာရှိ ဆုတောင်းပြည့် အဏ္ဏဝါဦးစေတီတော်မြတ်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၃၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၀၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ခတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။





ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်။

ကျွန်တော်က အဆစ်အမျက်ရောဂါရှိလို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ အဆစ်အမျက်နာနေတာတော့ လေးငါးခြောက်နှစ်ရှိပါပြီ။ အခုတော့ ကျန်းမာရေးအရ မြို့တွေ ဘာတွေသွားမပြဘဲ အခုလို အလွယ်တကူ ပြလို့ရတဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ်။ အခမဲ့လာကုသပေးတဲ့ ဆရာဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

အရိုးအကြောကို ပြမှာပါ။ ပြောရမယ်ဆိုရင် ဒီမှာက အကုန်လုံးက အဆင်ပြေပါတယ်။ ချော်လဲထားတော့ အရိုးအဆစ်ကနာတာ အခုလက်ကနောက်ကို ပစ်လို့မရဘူး။ ကျွန်မတို့ဆီမှာက အရိုးအကြောဖြစ်တာများတယ်။ မျက်လုံးနဲ့ ပတ်သက်တဲ့ ရောဂါတွေဖြစ်တာများတယ်။ ဆေးရုံ၊ ဆေးခန်းတွေသွားမယ်ဆိုရင် ကုန်ကျစားရိတ်တွေက အများကြီးရှိတယ်။ ဒီမှာကျတော့ ကုန်ကျစရိတ်အများကြီး သက်သာမယ်။ အဝေးကို သွားမပြနိုင်တဲ့ လူတွေအတွက်ကတော့ အများကြီးအဆင်ပြေပါတယ်။ အခမဲ့ကုသပေးတဲ့အတွက် အကုန်လုံး၊ အားလုံးအဆင်ပြေပါတယ်။ ကျွန်မတို့ဘက်ကလည်း နိုင်ငံတော်အကြီးအကဲရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ အခုလို လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်လို့လည်း ပြောချင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့်တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၇၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကုသမှုများဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၁၁ ဦး၊ အရိုးရောဂါ ၂၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ သုံးဦး၊ မျက်စိရောဂါ ၁၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။





ဆရာဝန်တွေကတော့ ဆီးချိုဆေးကို ပုံမှန်သောက်ရမယ်။ အစားရှောင်ရမယ်။ ပြီးရင် လေ့ကျင့်ခန်းတွေလုပ်ရမယ်။ ၂၀၂၄ ခုနှစ်တုန်းက နယ်လှည့်ဆေးကုတွေလာတုန်းက တစ်ခါပြဖူးတယ်လေ။ ပြရတာအဆင်ပြေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်တစ်ယောက်တည်းပြရတာမဟုတ်ဘူး။ လူတွေအများကြီး လာပြကြတာဆိုတော့ အဆင်ပြေပါတယ်။ ကော့သောင်းမှာသွားပြရင် လေယာဉ်စီးဘာစီးနဲ့ဆိုတော့ ပင်လည်းပင်ပန်းတယ်။ ဒီမှာပြရတာက ပင်လည်းမပင်ပန်းဘူး ပိုက်ဆံလည်းမကုန်ပါဘူး။ အခုလို လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်မတော်မိသားစုတွေလည်း ကျန်းမာ၊ ချမ်းသာကြပါစေ။ နောက်လည်း အခုလိုအမြဲ လာရောက်ကုသပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဆရာဝန်က အခုလောလောဆယ် မျက်စိအတွက်ကို အားဆေးတော့ သောက်ခိုင်းတယ်။ ဆေးလည်း ပေးထားပါတယ်။ အပြင်မှာဆို အလွန်ဝေးတယ်။ ဒီမှာက ပါရဂူအစုံနဲ့လည်းပြရတယ်။ အကုန်လုံးအတွက် တစ်နေရာတည်းမှာပဲ စုစုစည်းစည်း ပြရတာဖြစ်တဲ့အတွက် အတော်ကို အဆင်ပြေပါတယ်။ ပုံမှန်ဆိုရင် ရောဂါတွေဘာတွေဖြစ်ရင် ကော့သောင်းကိုပဲ သွားပြရတယ်။ လှေနဲ့ဆိုရင်တော့ အနည်းဆုံး နှစ်နာရီခွဲ သုံးနာရီလောက် စီးရတယ်။ အခုဒီကို လာလိုက်တော့ ရောဂါအခြေအနေလည်း သိရတယ်။ အကုန်အကျလည်း သက်သာတယ်။ ဆေးလည်း အကုန်လုံး အခမဲ့ပေးတယ်ဆိုတော့ အဆင်ပြေပါတယ်။ အလွန်လည်း ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ ရောဂါတစ်ခုခု ခံစားနေရတဲ့သူတွေကိုလည်း ဒီမှာလာရောက်ကုသခံဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# အစ္စရေးနိုင်ငံသို့ ဗုံးအကြီးစားများ ပြန်လည်ပေးပို့ရန်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမိန့်စာတစ်ရပ်ထုတ်ပြန်

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အစ္စရေးနိုင်ငံသို့ ဗုံးအကြီးစားများ ပြန်လည်ပေးပို့ရန်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမိန့်စာတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်က အစ္စရေးသို့ ဗုံးအကြီးစားများ ပေးပို့ခြင်းကို ၎င်းလက်ထက်တွင် ပိတ်ပင်ခဲ့သည်။

ဇန်နဝါရီ ၂၅ ရက်က နိုင်ငံအနောက်ပိုင်း နီဗားဒါးပြည်နယ်မှ ဖလော်ရီဒါပြည်နယ်သို့ ဦးတည်သွားသော Air Force One လေယာဉ်ပေါ်တွင် သတင်းထောက်များနှင့်အင်တာဗျူးတစ်ခု၌ ဒေါ်နယ်ထရမ့်က အထက်ပါအတိုင်းပြောကြားခဲ့ကြောင်း သိရသည်။

ဂါဇာ၌ အရပ်သားသေဆုံးမှုများ မြင့်တက်လျက်ရှိစဉ် လက်နက်များအသုံးပြုမှုအပေါ် စိုးရိမ်မှုများကြောင့် သမ္မတဟောင်းဂျိုးဘိုင်ဒင်သည် ကြီးမားသောဗုံးများကို အစ္စရေးနိုင်ငံသို့ တင်ပို့ရောင်းချမှုကို ပြီးခဲ့သည့်နှစ် မေလတွင် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ABC TV နှင့် အခြားသတင်းရင်းမြစ်များက ဖော်ပြသည်။

**ပို့ဆောင်မည်**

အမေရိကန်နိုင်ငံ၌ သိုလှောင်သိမ်းဆည်းထားသည့် MK-84 ဗုံးအလုံးရေ ၁၈၀၀ ကို လာမည့်ရက်များတွင် အစ္စရေးနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း အမေရိကန်သတင်းဆိုက် Axios က ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ၂နှင့် တွေ့ဆုံပြီး ဂါဇာကမ်းမြောင်ဒေသမှ ပြည်သူများကို ဂျော်ဒန်နိုင်ငံအတွင်းသို့ နေထိုင်ခွင့်ပြုရန် သမ္မတ ထရမ့်က တိုက်တွန်းပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများကို အီဂျစ်နိုင်ငံအနေဖြင့် အခြေချနေထိုင်ခွင့်ပြုရန်လည်း အီဂျစ်သမ္မတ အယ်လ်စီစီနှင့် တယ်လီဖုန်းမှ တစ်ဆင့် ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က ဆိုသည်။



ဂါဇာကမ်းမြောင်ဒေသသည် ရာစုနှစ်များစွာကြာ ပဋိပက္ခများစွာကို ကြုံကြုံခံရင်ဆိုင်ခဲ့ရပြီး လူများသေကျေပျက်စီးရသည့် နေရာတစ်ခုအဖြစ် ဒေါ်နယ်ထရမ့်က မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်အစိုးရက ဗဟိုဘတ်ဂျက်မှ ကယ်ဆယ်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၃၄ ဒသမ ၉၆ သန်းခန့်ကို အပြည့်အဝခွဲဝေသုံးစွဲ

**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ်အစိုးရသည် ဗဟိုဘတ်ဂျက်မှ ကယ်ဆယ်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၃၄ ဒသမ ၉၆ သန်းခန့်ကို အပြည့်အဝ ခွဲဝေသုံးစွဲမည်ဖြစ်ကြောင်း အရေးပေါ် စီမံခန့်ခွဲမှုဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အဆိုပါရန်ပုံငွေပမာဏသည် ပြည်သူ ၃၀ ဒသမ ၉၂ သန်းကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆောင်းရာသီနှင့် နွေဦးရာသီများအတွင်း သဘာဝဘေးဒဏ်သင့်သူများကို ကူညီရန်အတွက် ဒေသန္တရအစိုးရများကို ပံ့ပိုးကူညီရန် ရည်ရွယ်ကြောင်း သိရသည်။

ပိုမိုကောင်းမွန်သော ကယ်ဆယ်ရေးအစီအမံများ အကောင်အထည်ဖော်ရန်၊ ကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများ တိကျစွာဖြန့်ဝေရန်နှင့် မူဝါဒနှင့် အရင်းအမြစ်များ ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အရေးပေါ် စီမံခန့်ခွဲမှုဝန်ကြီးဌာနက လမ်းညွှန်မှုနှင့် ပံ့ပိုးကူညီမှုများ ပေးခဲ့ကြောင်း သိရသည်။

လာမည့်ရက် အနည်းငယ်အတွင်း ပြင်းထန်သော အပူချိန်ကျဆင်းမှုနှင့် ပတ်သက်၍ ဆောင်းရာသီတွင် ထိခိုက်ခံစားရသူတိုင်း ဘေးကင်းပြီး နွေးထွေးမှုရှိစေရန်အတွက် ဒေသအသီးသီးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရေးပေါ် စီမံခန့်ခွဲမှုဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း ဇန်နဝါရီ ၂၆**

မြောက်ကိုရီးယားနိုင်ငံသည် တာဝေးပစ်ဒုံးကျည်တစ်စင်းကို ဇန်နဝါရီ ၂၆ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အမေရိကန်သမ္မတအဖြစ် ထရမ့်စတင်တာဝန်ထမ်းဆောင်ချိန်တွင် ယခုကဲ့သို့ မြောက်ကိုရီးယားက တာဝေးပစ်ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ရေငုပ်သင်္ဘောပေါ်မှ ၎င်းတာဝေးပစ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားအာဏာရအလုပ်သမားပါတီ သတင်းစာ ရိုဒုန်ဆန်မန်က ယနေ့ သတင်းဖော်ပြခဲ့သည်။ ၎င်းဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၁၅၀၀ အထိ ရောက်ရှိခဲ့ပြီး ပစ်မှတ်များကို တိုက်ရိုက်ထိမှန်ခဲ့ပုံကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံအတွင်း စစ်မက်အန္တရာယ် ကြုံတွေ့လာသည့်အချိန်တွင် ကာကွယ်ရန်အတွက် တပ်ဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ထားကြောင်း ကင်က ပြောကြားသည်။ ယခုဆောင်ရွက်သည့် ဒုံးကျည်ပစ်ခတ်မှုသည် အမျိုးသားကာကွယ်ရေးအစီအမံအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ယခုလအတွင်း ဆောင်ရွက်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုအား ရှုတ်ချကြောင်းနှင့် အမေရိကန်၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်တွန်းလှန်သွားမည်ဟု မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၌ ဝက်သက်ရောဂါကာကွယ်ဆေး ပြတ်လပ်မှုနှင့်ကြုံတွေ့နေရ

**တိုကျို ဇန်နဝါရီ ၂၆**

ဂျပန်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများသည် ဝက်သက်ရောဂါကာကွယ်ဆေးများပြတ်လပ်လျက်ရှိသည့်အတွက် ဝက်သက်ရောဂါဖြစ်ပွားသူအချို့ကို ကာကွယ်ဆေးထိုးပေးနိုင်ခြင်းမရှိကြောင်း သိရသည်။

တိုကျိုဆေးဘက်ဆိုင်ရာအဖွဲ့အစည်းသည် အောက်တိုဘာလတွင် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းပေါင်း ၁၀၀၀ ခန့်ကို စစ်တမ်းကောက်ယူခဲ့သည်။ ၆၀ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေး ပြတ်လပ်လျက်ရှိကြောင်း အဆိုပါစစ်တမ်းအရ သိရသည်။

ဝက်သက်ရောဂါသည် အဖျားကြီးခြင်း၊ အဖုများနှင့် အခြားရောဂါလက္ခဏာများကို ဖြစ်စေနိုင်သော ကူးစက်ရောဂါတစ်ခုဖြစ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ရောဂါကူးစက်ခံရပါက ၎င်း၏ကလေးငယ်သည် မျက်လုံးနှင့် အကြားအာရုံဆိုင်ရာ ပြဿနာများ ဖြစ်ပွားနိုင်ခြေရှိပြီး နှလုံးနှင့် အခြားအင်္ဂါအစိတ်အပိုင်းများလည်း ပျက်စီးနိုင်ကြောင်း သိရသည်။

ပြည်တွင်းဆေးဝါးကုမ္ပဏီ သုံးခုက အဆိုပါ ဝက်သက်ကာကွယ်ဆေးများကို ထုတ်လုပ်ခဲ့သော်လည်း အချို့သောထုတ်ကုန်များသည် ထိရောက်မှုစံနှုန်းများနှင့် မကိုက်ညီကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့အနက် ဆေးဝါးကုမ္ပဏီတစ်ခုသည် ၎င်း၏ဆန္ဒအလျောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကာကွယ်ဆေးအား ပြန်လည်သိမ်းဆည်းမည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက ဆေးဝါးတင်ပို့မှုကို ရပ်ဆိုင်းထားကြောင်း သိရသည်။

နိုင်ငံအတွင်း ကာကွယ်ဆေး တင်ပို့ရောင်းချမှု အမြန်ဆောင်ရွက်ရန် ကျန်ဆေးဝါးကုမ္ပဏီနှစ်ခုအား ကျန်းမာရေးဝန်ကြီးဌာနက တောင်းဆိုထားသည်။ ကာကွယ်ဆေးထောက်ပံ့ရေးအဆင့်များသည် ဖေဖော်ဝါရီလမှ စတင်၍ ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အစ္စရေးက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ချိုးဖောက်ဟု ဟားမတ်စ်ပြောကြား

**ဂျေရုဆလင် ဇန်နဝါရီ ၂၆**

ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား အစ္စရေးက ချိုးဖောက်နေကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားခဲ့သည်။

အစ္စရေးတာဝန်ရှိသူများက ဂါဇာတောင်ပိုင်းရှိ နေရပ်စွန့်ခွာသူများအား ဂါဇာမြောက်ပိုင်းရှိ နေရင်းဒေသများသို့ ပြန်လာ၍အခြေချနေထိုင်ခွင့်မပြုခြင်းသည် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ထပ်လောင်းပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ လွှတ်ပေးရန်ကျန်ရှိသည့် အစ္စရေးနိုင်ငံသား အဗေလ်ယာဟ်ကို မလွှတ်ပေးမချင်း ဂါဇာဒေသမြောက်ပိုင်းသို့ ဒေသခံများအား ပြန်လာခွင့်ပြုမည်မဟုတ်ကြောင်း အစ္စရေးကလည်းတုံ့ပြန်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အရပ်သားများကို ပထမဆုံး လွှတ်ပေးရမည်ဖြစ်သည်။

**ကိုးကား-တက်စ်သတင်းဌာန**

**ဘာသာပြန်-စိုးသူရ**



# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအနီး၌ တရားမဝင်အခြားသစ် ၅ ဒသမ ၈၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၅၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောမြို့ အင်းဒင်ကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ပီပါ ၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက်တွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်၌ တားမြစ်ထားသည့် တိရစ္ဆာန်သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ လိုင်စင်မဲ့ Honda Vezel ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇန်နဝါရီ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၈၆၃၀၆၄၇ ကျပ်)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၀၆၄၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၇၄၉၁၇၀၄၇ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်ကုန်သွယ်ရေးစခန်း မလိပါကောရှောင်ကွင်းလမ်းအနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဓာတုကုန်ကြမ်းပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၆၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ပြည်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၆၅၀ တန်၊ သစ်မာ သုညဒသမ ၀၇၄ တန်၊ အခြားသစ် ၄ ဒသမ ၉၅၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၅၈၁၄၀၁ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၅၉၅၈၃၄၀၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေ၇၁၉၇၇၂၉၆၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အနန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် "သုံးမည်မှည့်ခေါ်အုံ့ဖွယ်ကျော်သည် နတ်မတောင်အမျိုးသားဥယျာဉ်"
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၉:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၀:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် တိုင်းရင်းသားတို့လူမှုဝန်းကျင်မျိုးစုံလင်အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) "ချင်းတိုင်းရင်းသားတို့၏ချစ်စရာရိုးရာအိမ်ကလေးများ"
- ၁၁:၂၅ ဘဝနှင့်အနုပညာ "အကယ်ဒမီကျော်ကျော်စိုးနှင့်တွေ့ဆုံခြင်း" (အပိုင်း-၃)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၃၈)
- ၁၃:၁၀ MRTV National News
- ၁၄:၁၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် အောက်ချင်းငှက်တေးသံသာ (အပိုင်း-၁)
- ၁၅:၁၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၃၅ Melody of Spring 2025 (နိုင်ငံပေါင်းစုံနွေဦးနှစ်သစ်ကူးပွဲတော်ပဒေသာကပွဲ)
- ၁၇:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၇:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအက
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၆၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "အလင်းဝမ်းသူများ" (အပိုင်း-၈)
- ၂၂:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:10 Three Beautiful Islands
- 07:31 Myanmar Marionette
- 08:01 News
- 08:26 Asia Updates; Sand Lake
- 08:33 A Traditional Food in Bagan: Pone Ye Gyi
- 08:45 Wushu Kids & Their Limit (Ep-1)
- 09:01 Commercial Farming to GDP Growth, Jasmine Grower
- 09:17 7 Days & 3 Cities
- 10:01 News
- 10:26 Topical Topics: Thabyuthee or Elephant Apple Curry
- 10:31 Listening Pleasure, Instrumental Music (Xylophone) The Outstanding Ones
- 10:42 Artist Life: Designer Nay Chi Win Lai Yee
- 11:02 Mingala Prayer (Version-1)
- 11:05 Secret Recipes by Gourmet Chefs (Thai)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
အိပ်မက်လမ်းသို့ခရီးရှည်(ပဖယ်ကျေးရွာမှ ချီလာဝါဒီသို့) (အပိုင်း-၁)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
လှမ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ခရုဟင်း

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရင်ထဲကလက်မှုပညာ(Wheel)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
လိုင့်ထောင်ပလာမစ်ရေတံခွန်သို့

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၃)

**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
အစွမ်းထက်တဲ့ဂရုတ်ကောင်းအကြောင်းသိကောင်းစရာ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်တို့၏ယုံကြည်ကိုးကွယ်ရာစေလှေထုံးတမ်းများ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
မျိုးဂုဏ်တင့်စေယဉ်ကျေးမှုအငွေ(အပိုင်း-၁)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)

**'ဝ' (၂၁:၀၀ မှ ၂၃:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အပိုင်း ၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တစ်လင်နှင့်တစ်မယား"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၀၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ (အပိုင်း-၅၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ I Started Gardening 18 Months Ago, Here's What it Looks Like Now
- ၁၉:၃၅ Rose Tour
- ၂၀:၀၀ "ညို့" (ဇာတ်လမ်း)
- ၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၀၀ အားကစားသတင်း
- ၀၇:၄၀ Weekly Sports Info
- ၁၅:၀၀ Myanmar National League football (Live) (Dagon Sta Vs Hantharwady)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက် ၆၈ လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဖူရီဟွ(၃၁)နှစ် (ဘ)ဦးဖာချင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုံးကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက် ၄၂ လမ်းနှင့် ၆၇(A) လမ်းထောင့်ရှိ နေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ ဖူရှီးရံ(ခ) အားရှုန်း(၂၈)နှစ် (ဘ)ဦးဖူဖာမိုအား ကက်တမင်း ၃ ဒသမ ၆ ကီလို၊ Happy Water ၈ ဒသမ ၆၃၅ ကီလို၊ အက်တက်စီဆေးပြား ၄၀၊ Happy–5 ဆေးပြား ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၊ အိုက်စ် (မက်သ်အဖက်တမင်း) ငါးဂရမ်တို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ မန္တလေးမြို့ပေါ်ရှိ KTV၊ BAR၊ CLUB နှင့် ENTERTAINMENT များတွင် ဖြန့်ဖြူးရောင်းချမည့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ Happy Water ၁၁ ဒသမ ၆၃၅ ကီလို၊ ကက်တမင်း ၃ ဒသမ ၆ ကီလို၊ အက်တက်စီဆေးပြား ၄၀၊ Happy–5 ဆေးပြား ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ငါးဂရမ်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့နယ်တွင် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

ညောင်ဦး ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေး အကြံပြုစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ညောင်ဦးမြို့ အမှတ်(၁) ရွှေကုန်းရပ်ကွက်သို့ သွားရောက်ပြီး လူနေအိမ်များ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း အကြံပြုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှု/ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးလုံခြုံရေး အထူးဂရုပြု ဆောင်ရွက်ကြရန်၊ လျှပ်စစ်မီးများ အသုံးပြုရာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေး စနစ်တကျ ကိုင်တွယ်အသုံးပြုကြရန်၊ ထင်း/မီးသွေး မီးဖိုများဖြင့် ထမင်း/ဟင်းများ ချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များကိုသေချာစွာ ငြိမ်းသတ်ထားရှိရန်၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများနှင့် ရေရရှိရေးလုပ်ငန်းများ ကြိုတင် ပြင်ဆင်ထားရှိရန်နှင့် မီးငြှိမ်းသတ်ယာဉ်များ လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်ရန် ရပ်ကွက်တွင်းလမ်းများ ပြုပြင်ဆောင်ရွက်ထားရှိရေးတို့ကိုဆွေးနွေး ပြောကြားပြီး နေအိမ်များတွင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Nay Thu” Facebook အကောင့်၊ “Nay Thu” TikTok အကောင့်နှင့် “Nay Thu” YouTube အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေဘုတ်ကျေးရွာနေ နိုင်လင်း(ခ) နေသူအား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ချောင်းခွနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြှိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြှိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# မြိတ်မြို့နယ်၌ ကွမ်းသီးခြောက်များ ဈေးကောင်းရရှိ



မြိတ် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင်ယခုနှစ် ပွင့်လင်းရာသီ၌ ကွမ်းသီးခြောက် အထွက်နည်းပါး၍ ကွမ်းသီးများ ဈေးကောင်းရရှိနေကြောင်း ဒေသခံ ကွမ်းသီးစိုက်ခြံရှင်များထံမှ သိရသည်။

မြိတ်မြို့နယ်တွင် ယခင် မိုးရာသီအချိန်က တရုတ်နိုင်ငံမှ ကွမ်းသီးနုများကို ဈေးကောင်းဝယ်ယူသည့်အတွက် ခြံရှင်များက ကွမ်းသီးနုများကိုခူးဆွတ်ရောင်းချခြင်း များပြားခဲ့သည်။ ယခုနှစ်တွင်ကွမ်းသီးအထွက်နည်းပါးသလို ဈေးကွက်အတွင်း ကွမ်းသီးခြောက် အဝင်နည်းပါးသည့်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှသောကြောင့် ကွမ်းသီးခြောက်များ ဈေးကောင်းရရှိနေကြောင်း သိရသည်။

ယခုနှစ် ပွင့်လင်းရာသီတွင် မြိတ်ဒေသဈေးကွက်အတွင်းသို့ ကွမ်းသီးခြောက်များ အဝင်နည်းပါးသည့်အတွက် ကွမ်းသီးခြောက်များ ဈေးမြင့်တက်ကာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များက တနင်္သာရီမြို့နယ်ဘက်မှထွက်ရှိသော ကွမ်းသီးများ မြိတ်ဒေသဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော်လည်း ယခုနှစ်တွင် တနင်္သာရီမြို့နယ်ဘက်မှ ကွမ်းသီးခြောက်များ ဝင်ရောက်မှုနည်းပါးကြောင်း သိရသည်။

မြိတ်မြို့နယ်တွင် ယခင်နှစ် ဇွန်၊ ဇူလိုင် ကွမ်းသီးနုပေါ်ချိန်၌ ကွမ်းသီးနုများကို တရုတ်ဝယ်လက်များက ဈေးကောင်းပေးဝယ်ယူမှုများခြင်းကြောင့် ဒေသခံ ကွမ်းသီးစိုက်တောင်သူများက ကွမ်းသီးခြောက်သည့်အချိန်ထိ မစောင့်ဘဲ ခူးဆွတ်ရောင်းချခဲ့သဖြင့် ယခုနှစ် ပွင့်လင်းရာသီအချိန် ကွမ်းသီးခြောက်များ အထွက်နည်းပါး၍ ဈေးကွက်အတွင်းတွင် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ဒေသခံဥယျာဉ်ခြံစိုက်တောင်သူများထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွမ်းသီးများကို ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ကျွန်းစု၊ ဘုတ်ပြင်း စသည့်မြို့နယ်များ၌ အဓိက စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ပြီး တနင်္သာရီနှင့် ဘုတ်ပြင်းမြို့နယ်တို့တွင် ယခင်နှစ်များက ကွမ်းသီးအထွက်နှုန်းများပြားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



ကျောက်ဆည် ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(ကျောက်ဆည်) အောင်ဆန်းခန်းမတွင် ယနေ့နံနက် ၉ နာရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက သက်ဆိုင်ရာဘွဲ့အသီးသီးကို ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု သက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား ဘွဲ့လက်မှတ်များ အပ်နှင်းရန်အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းသတ္တိရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန် ကတိပြုစေပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မဟာအင်ဂျင်နီယာဘွဲ့ရ ၂၁ ဦး၊ အင်ဂျင်နီယာဘွဲ့ရ ၁၃၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၂၂ ဦး၊ သိပ္ပံဘွဲ့လေးဦး စုစုပေါင်းဘွဲ့ရရှိသူ ၁၈၂ ဦးအား ဘွဲ့လက်မှတ်များအပ်နှင်းခဲ့ကြောင်း သိရသည်။

ထို့နောက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက အင်ဂျင်နီယာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများအပေါ် မူတည်၍ လုပ်ငန်းခွင်၌ အသုံးချနိုင်အောင် ဆက်လက် ဆည်းပူးလေ့လာသွားကြရန်၊ ကျေးဇူးသစ္စာစောင့်သိပြီး လောကနီတိတရားများ၊ ကိုယ်ကျင့်တရားများအပေါ် လေးစားကျင့်ကြံနေထိုင်၍ လေးစားထိုက်သည့် တက္ကသိုလ်ဂုဏ်ဆောင် အင်ဂျင်နီယာပညာရှင်၊ သိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားရန် ဆုမွန်ကောင်း စကားများပြောကြားခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက်
(၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# သုံးခွမြို့နယ်တွင် ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိ



ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စိုက်ပျိုးထားသော သီးထပ် ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။ ပိုးမွှားအန္တရာယ်နည်းပါးမှု၊ ရာသီဥတုအခြေအနေ ကောင်းမွန်မှုကြောင့် အထွက်နှုန်းကောင်းနိုင်မည်ဟု သိရသည်။ သို့သော်ပဲဆွတ်ခူးချိန်တွင် လုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရသောကြောင့် အချိန်မီ မဆွတ်ခူးနိုင်မည်ကို စိုးရိမ်ရကြောင်း တောင်သူများထံမှ သိရသည်။

### ဆွတ်ခူးနိုင်

သုံးခွမြို့နယ် အနောက်ကျေးရွာမှ ပဲတီစိမ်း(ရေဆင်း- ၁၁) အမျိုးအစား စိုက်ပျိုးသူတောင်သူ ဦးလှလေးက "ပဲစိုက်ထားတာ ဒီနေ့ ဇန်နဝါရီ ၂၅ ရက်ဆိုရင် ၅၅ ရက်ရှိပြီ၊ အောင်မြင်ဖြစ်ထွန်းပြီး အခြေအနေ ကောင်းပါတယ်။ နောက် ၂၀ ရက်ဆိုဆွတ်ခူးလို့ရပြီ။ ပဲထွက်ကောင်းအောင်နဲ့ ပိုးမွှားအန္တရာယ်မကျအောင် မှိုဆေး၊ အပင်အားဆေး၊ အသီးအားဆေး၊ ပိုးမွှားကာကွယ်ဆေး ငါးရက်တစ်ခါ ဖျန်းပေးရတယ်။ ပဲဆွတ်ခူးချိန် အချိန်အခါမဲ့ မိုးမရွာဖို့ ပဲပေါ်ချိန်မှာ ပဲဈေးကောင်းဖို့ မျှော်လင့်နေရတယ်"ဟု ပြောကြားသည်။ သုံးခွမြို့နယ်တွင် ပဲတီစိမ်း (ရေဆင်း)နှင့် (ရွှေဝါ)အမျိုးအစားနှစ်မျိုးကို အဓိကစိုက်ပျိုးကြပြီး နှစ်လခွဲ (၇၅ ရက်) အကြာတွင် ဆွတ်ခူးနိုင်ကြောင်း သိရသည်။

ပဲတီစိမ်းကို နိုဝင်ဘာလ စတုတ္ထပတ်နှင့် ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီ လလယ်ပိုင်းတွင် ဖြိုင်ဖြိုင်ပေါ်သည်။ သုံးခွမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ မြို့မနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စုတွင်ဆောင်းသီးနှံ သီးထပ်ပဲတီစိမ်း ၁၃၉၅၇၆ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကိုကျော်(သုံးခွ)

# ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းက စပါးနှင့် ဆောင်းနေကြာများ စိုက်ပျိုး

ဖြူး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် သမဝါယမကဏ္ဍမှ နွေစပါး ၁၂၅ ဧကအား လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းလီမိတက်က YSR-1 စပါးမျိုး ၁၀ ဧက၊ GW-11 စပါးမျိုးဧက ၅၀ နှင့် ထိုင်းနံ့ကောက်စပါးမျိုး ၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ YSR-1 စပါးမျိုး ၁၀ ဧကအား စိုက်ပျိုးပြီး ဖြစ်သည်။

ထို့ပြင် ဆီထွက်သီးနှံနေကြာအား သမဝါယမအသင်းခြောက်သင်း၊ အသင်းသား ၃၃ ဦး၏ စိုက်ဧက ၃၀၀ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသင်းအနေဖြင့် နေကြာစံပြစိုက်ခင်းဧက ၂၀ စိုက်ပျိုးခဲ့ပြီး အဆိုပါနေကြာစိုက်ခင်းအတွက် လိုအပ်သည့် ရုရှားသဘာဝမြေဩဇာများ ပက်ဖျန်းခြင်းနှင့် ပေါင်းလုံးခြင်းနှင့် ပေါင်းရှင်းခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

# ရာသီမရွေး သတိထားရမည့် မီးဘေးအန္တရာယ်

**ထက်ဝေအောင်(စစ်ကိုင်း)**

ရန်သူမျိုးငါးပါးတွင်ပါရှိသည့် မီးဘေးသည် စည်းစိမ်ဥစ္စာအားလုံးကို ဖြိုဖျက်နိုင်စွမ်းရှိသည်။ ရွှေငွေပစ္စည်းများ သူခိုးဓားပြလက်ပါသွားလျှင်ပင် မရွှေ့မပြောင်းနိုင်သည့် စည်းစိမ်အချို့ ကျန်ရှိနိုင်သေးသည်။ မီးဘေးကြုံလာပါက စည်းစိမ်ဥစ္စာအားလုံး ပျက်စီးဆုံးရှုံးနိုင်သည်။ ဘေးအန္တရာယ်များတွင် မီးဘေးအန္တရာယ်သည်အဖြစ်အများဆုံးနှင့် ဆုံးရှုံးမှုအများဆုံးဖြစ်သည်။

မီးဘေးသည် လူတို့ဖန်တီးအပ်သည့် သဘာဝပတ်ဝန်းကျင်အလှတရားနှင့် မြို့ပြအလှကို တဒင်္ဂမျှဖြင့်ပင် ရာသီမရွေးဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ လတ်တလောဖြစ်ပွားခဲ့သည့် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် တောမီးလောင်ကျွမ်းမှုမှ စတင်ခဲ့သည့်မီးဘေးကြောင့်အဆောက်အအုံများစွာ မီးလောင်ပျက်စီးခဲ့ရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် မီးလောင်ရာလေပင့်ဆိုစကားနှင့်အညီ အရှေ့မြောက်ပိုင်းအပါအဝင် အခြားသောနေရာများအထိ လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့သည်။ လူနှင့်သတ္တဝါများအား ဆင်းရဲဒုက္ခဖြစ်စေသော မီးဘေးအန္တရာယ်ကို မဖြစ်ပွားမီကပင် ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါသည်။

### သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

မီးဘေးအန္တရာယ်သည် လူအများ ဂရုစိုက်မှုနည်းပါးခြင်းကြောင့် ဖြစ်ပွားသော ပြဿနာတစ်ရပ်ဖြစ်သည်။ မထင်မှတ်သည့်အချိန် မထင်မှတ်သည့်နေရာတွင် လောင်ကျွမ်းနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ပေါ့ဆခြင်း၊ သတိမမူခြင်းများကြောင့် မီးဘေးအန္တရာယ် ကြုံတွေ့ကြရသည်။ လူ့သမိုင်းတစ်လျှောက်တွင် မီးသည် အသုံးဝင်အရေးပါဆုံးဖြစ်ခဲ့သည်။ မီးသည် လူသားတို့၏ လူနေမှုဘဝပုံစံကို ပြောင်းလဲပေးနိုင်စွမ်းရှိခဲ့သည်။ သို့သော် မီးသည် သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ကြီးစွာသောဘေးအန္တရာယ်တစ်ခုသာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မီးဘေးများကိုလေ့လာကြည့်ပါက ပေါ့ဆမီးကြောင့်အဖြစ်များသည်ကို တွေ့ရသည်။ မီးကြွင်းမီးကျန်မှတစ်ဆင့် လောင်ကျွမ်းခြင်း၊ လောင်စာဆီများ စည်းကမ်းတကျမထားသိုခြင်းကြောင့် လောင်ကျွမ်းခြင်း၊ လျှပ်စစ်ဝိုင်ယာလျှော့ဖြစ်ခြင်းကြောင့် လောင်ကျွမ်းခြင်း၊ ကလေးများ မီးနှင့်ကစားသောကြောင့် လောင်ကျွမ်းခြင်းနှင့် လမ်းသွားလမ်းလာများ ဆေးလိပ်မီးကို စည်းကမ်းမဲ့လွှင့်ပစ်ခြင်းတို့ကြောင့် လောင်ကျွမ်းမှုဖြစ်စဉ်များဖြစ်ပွားရကြောင်း လေ့လာတွေ့ရှိရ



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဇန်နဝါရီ ၂၁ ရက်က မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။

သည်။

မီးဘေးအန္တရာယ်ဖြစ်ပွားခြင်းကို လေ့လာကြည့်ပါက သဘာဝကြောင့်ဖြစ်ရသော မီး၊ လူတို့ပေါ့ဆသောမီးအဖြစ် အပိုင်းနှစ်ပိုင်းတွေ့ရသည်။ ရာသီဥတုပူပြင်းခြင်း၊ မီးလောင်လွယ်သော အမှိုက်သရိုက်များ လွယ်လင့်တကူစွန့်ပစ်ခြင်း၊ လျှပ်စစ်မီးအလွန်အကျွံသုံးစွဲခြင်း၊ အိမ်တွင်းလောင်စာနှင့် မီးလောင်လွယ်သည့်ပစ္စည်းများ ထားရှိခြင်းတို့ကြောင့် မီးလောင်မှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်စဉ်သည် မီးလောင်ရန် အဓိကအချက်များဖြစ်သည့် အောက်ဆီဂျင်၊ လောင်စာနှင့် အပူရှိန်တို့ ဓာတ်ပြုမှုမှတစ်ဆင့် မီးလောင်မှုဖြစ်ခြင်းကြောင့် မီးငြိမ်းသတ်ရန် ကြိုးစားဆောင်ရွက်ရာတွင် အောက်ဆီဂျင်၊ လောင်စာနှင့် အပူရှိန်တစ်ခုခု ဖယ်ထုတ်လိုက်ပါက မီးလောင်ကျွမ်းမှုရပ်ဆိုင်းသွားမည်သာဖြစ်ပါသည်။

### လျှပ်စစ်မီးသုံးစွဲခြင်းများ သတိပြုဆင်ခြင်

ရပ်ကွက်တိုင်း၊ လူတိုင်း မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ပိုမိုသိရှိရန်လိုအပ်သည်။ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနက ထုတ်ပြန်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်သင့်သည်။ အဆောက်အအုံထုထည်ကြီးမားသည့် ငွေကြေးဆုံးရှုံးနိုင်ခြေများပြားသော ရုံး/ဌာနများ၊ ဈေးကဲ့သို့အဆောက်အအုံများတွင် မီးဘေးစီမံချက်များ ရေးဆွဲရန်လိုအပ်သည်။ မီးတားလမ်းများဖောက်လုပ်ခြင်း၊ ရပ်ကွက်/ ကျေးရွာအတွင်း မီးသတ်ရေကန်များတွင် ရေအပြည့်ဖြည့်ထားခြင်း၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများစီစဉ်ထားရှိခြင်းတို့အပြင် အရိပ်ရပင်၊ လေကာပင်များစိုက်ပျိုးထားရှိခြင်း၊ မီးဖိုနံဘေးတွင် ရေပုံးအဆင်သင့်ထားရှိခြင်းနှင့် လျှပ်စစ်မီးသုံးစွဲခြင်းလုပ်ငန်းများ အိမ်တိုင်းတွင် သတိပြုဆင်ခြင်သုံးစွဲကြမည်ဆိုပါက မီးဘေးရှောင်မလောင်ခင်တားဆီးနိုင်မည် ဖြစ်ပါသည်။

ရပ်ကွက်/ ကျေးရွာများတွင် မီးလောင်မှုဖြစ်ပွားလာလျှင် ချက်ချင်းငြိမ်းသတ်နိုင်သော်လည်း ဈေးများမီးလောင်လျှင်မူ နောက်ကျမှသိရလေ့ရှိသဖြင့် ဆုံးရှုံးမှုတန်ဖိုး ကြီးမားစွာပေးဆပ်ရလေ့ရှိသည်။ ဈေးသူ ဈေးသား ဈေးဆိုင်ပိုင်ရှင်များအနေဖြင့် မီးဘေးအန္တရာယ်မကျရောက်ရေး ဈေးပိတ်ချိန်မတိုင်မီ မိမိဆိုင်မှ လျှပ်စစ်မီးခလုတ်များကို လိုက်လံပိတ်ရပါမည်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးသွယ်တန်းမှု၊ ကြိုးဆွေးမြည့်မှု၊ မီးခလုတ်များပျက်စီးမှုတို့ကို တတ်ကျွမ်းနားလည်သူများနှင့် မကြာခဏစစ်ဆေးပြုပြင်သင့်သည်။ မိမိတို့ရောင်းချသည့် ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ နီးကပ်စွာထားရှိခြင်းကိုလည်း သတိပြုကြရပါမည်။ ထို့ပြင် ခြင်ဆေးခွေကဲ့သို့ မီးကြွင်းမီးကျန်ကို သေချာစစ်ဆေးခြင်းဖြင့် မီးလောင်မှု ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ပါသည်။

မီးလောင်မှု ဖြစ်စဉ်များကို လေ့လာကြည့်လျှင် မီးကြွင်းမီးကျန်ကြောင့် မီးလောင်မှုဖြစ်ပွားခြင်း၊ လမ်းသွားလမ်းလာများ၏ ဆေးလိပ်မီးကြောင့် လောင်ကျွမ်းခြင်း၊ အဖျက်စိတ်ရှိသူတို့၏ ရှို့မီးများကြောင့် လောင်ကျွမ်းခြင်းများကို လေ့လာသိရှိရသည်။ မီးသည် အသိမရှိ၊ လူသည်အသိရှိသည်ဆိုစကားနှင့်အညီ ဦးနှောက်ရှိသော လူသားများက သတိဦးစီးလျက် မီးဘေးအန္တရာယ်ကို ကာကွယ်ကြရမည်ဖြစ်သည်။ သတိသည် ပိုသည်မရှိ အမြဲလိုအပ်နေလေ့ရှိပါသည်။ မီးလောင်လွယ်သော လောင်စာဆီများ ကိုင်တွယ်အသုံးပြုရာတွင် သတိကြီးကြီး ထားရှိရန်လိုသည်။ မီးခြစ်၊ ဖယောင်းတိုင်များကို ကလေးငယ်များနှင့် ဝေးရာထားရှိသင့်သည်။ သက်ကြီးရွယ်အိုများကို ထမင်းချက်ရန်မီးမွှေးခြင်း၊ မီးပူတိုက်ခြင်းများ မပြုလုပ်စေရန် မိသားစုဝင်များက တားမြစ်ရမည်ဖြစ်သည်။

ထို့အတူ မိမိတို့အိမ်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးခြင်း၊ လူမရှိဘဲ ဖယောင်းတိုင်မီး၊ လျှပ်စစ်မီးသုံးစွဲခြင်းကို သတိပြုဆောင်ရွက်ရမည်ဖြစ်သည်။ ဂက်စ်မီးဖိုအသုံးပြုသူ အိမ်ရှင်မများ ဂက်စ်မီးဖိုအသုံးပြုချိန်တွင် လေဝင်လေထွက်ကောင်းစေရန် အနီးအနားရှိပြတင်းပေါက်များကို ဖွင့်ထားပေးရန်လိုအပ်သည်။ အိပ်ရာအနီး၊ ခြင်ထောင်အနီး ခြင်ဆေးခွေထွန်းညှိခြင်း၊ ဖယောင်းတိုင်မီး ထွန်းညှိခြင်းများ မပြုလုပ်ရန်လိုအပ်ပါသည်။ လျှပ်စစ်ကြိုးအပေါက်အပြဲများကို ပြင်ဆင်ကိုင်တွယ်ရာတွင် တတ်ကျွမ်းနားလည်သူများထံမှ အကူအညီရယူဆောင်ရွက်သင့်ပါသည်။

### ရှောင်ကြဉ်သင့်

ယနေ့အချိန်တွင် အိမ်တွင်းလျှပ်စစ်ပစ္စည်းများဖြစ်သည့် သုံးမိနစ်ရေနွေးအိုး၊ ဆယ်မိနစ်ပေါင်းအိုး အစရှိသည့် မီးဖိုချောင်သုံးလျှပ်စစ်ပစ္စည်းများ၊ အဝတ်လျှော်စက်၊ အဲကွန်းများ၊ တီဗွီ၊ ပန်ကာ၊ ရေခဲသေတ္တာနှင့် မီးပူများ သုံးစွဲလာကြသည်ကို တွေ့ရသည်။ လျှပ်စစ်ပစ္စည်းများတွင် ဗို့အားအသီးသီး၊ ခံနိုင်ဝန်အသီးသီးရှိသဖြင့် လျှပ်စစ်မနိုင်ဝန်သုံးစွဲခြင်းကြောင့် ဖြစ်ပွားရသော မီးလောင်မှုများစွာရှိသည်။ အိမ်တွင်းမီးကြိုးများ ဆွေးမြည့်လောင်ကျွမ်းမှု၊ ပလတ်ခုံများ အပူလွန်ကဲမီးလောင်ကျွမ်းမှုနှင့် မီးဖိုချောင်သုံးဒယ်အိုးနီများ၊ ထမင်းပေါင်းအိုးများမှတစ်ဆင့် အပူလွန်မီးလောင်ကျွမ်းမှုဖြစ်ပွားလေ့ရှိသည်။ အလားတူ ဝိုင်ယာရှော့ခ်မီးဘေးအန္တရာယ်သည် လွန်စွာပင်ဖြစ်ပွားလေ့ရှိပြီး အန္တရာယ်ကြီးမားလှသည်။ လူအများစုသည် ပလတ်ပေါက်အမျိုးမျိုး ပွားယူသုံးစွဲကြသည့်အလေ့အကျင့်ရှိရာ ကြိုးနှင့်ဝန်ခံနိုင်အား ရှိ/မရှိကို မစဉ်းစားဘဲ လျှပ်စစ်ဝန်ကို ကြီးလေးစွာထမ်းစေခဲ့သည်။ သတိပြုဆင်ခြင်ရမည်မှာ ထမင်းဟင်းချက်ပြုတ်နေစဉ် ရေတင်ခြင်း၊ ရေတင်နေစဉ် အဲကွန်းဖွင့်ခြင်းများ ရှောင်ကြဉ်သင့်သည်။

သို့ဖြစ်၍ မီးဘေးရှောင် မလောင်ခင်ကတားရမည်ဖြစ်သည်။ နေအိမ်၊ ရုံးအဆောက်အအုံနှင့် အခြားသော လူမှုပတ်ဝန်းကျင်တွင် မီးသတ်ဆေးဘူးများ ဆောင်ထားသင့်ပေသည်။ အဆောက်အအုံကြီးမားသောနေရာများတွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနက ညွှန်ကြားထားသည့် မီးသတ်ဆေးဘူးများ၊ တွန်းလှည်းမီးသတ်ဆေးဘူးများ အသုံးပြုရမည်ဖြစ်သည်။ နေထိုင်ရာပတ်ဝန်းကျင်တွင် ဆေးလိပ်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ လျှပ်စစ်မီးလိုင်းများကို လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များဖြင့် တစ်လတစ်ကြိမ်ခန့်စစ်ဆေးခြင်း၊ ဝိုင်ယာညှော်နံ့ရပါက မီးခလုတ်များပိတ်၍ စစ်ဆေးခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ မီးနှင့်ပတ်သက်လျှင် မပေါ့မဆနေထိုင်မှသာ မြို့ရွာအိုးအိမ်ဖွံ့ဖြိုးမှု ရေရှည်တည်တံ့မည်ဖြစ်သည်။ ပေါ့ဆမီးမဖြစ်စေရေး လူတိုင်းပါဝင် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့်အတူ ရင်ဆိုင်ရဖွယ်ရှိသည့် ရာသီမရွေးသတိထားရမည့် မီးဘေးအန္တရာယ်ကို မဖြစ်ပွားမီ ကြိုတင်ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း ဆန္ဒမွန်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**“မီးဘေးအန္တရာယ်ဖြစ်ပွားခြင်းကို လေ့လာကြည့်ပါက သဘာဝကြောင့်ဖြစ်ရသော မီး၊ လူတို့ပေါ့ဆသောမီးအဖြစ် အပိုင်းနှစ်ပိုင်းတွေ့ရသည်။ ရာသီဥတုပူပြင်းခြင်း၊ မီးလောင်လွယ်သော အမှိုက်သရိုက်များ လွယ်လင့်တကူစွန့်ပစ်ခြင်း၊ လျှပ်စစ်မီးအလွန်အကျွံသုံးစွဲခြင်း၊ အိမ်တွင်းလောင်စာနှင့် မီးလောင်လွယ်သည့်ပစ္စည်းများ ထားရှိခြင်းတို့ကြောင့် မီးလောင်မှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်စဉ်သည် မီးလောင်ရန် အဓိကအချက်များဖြစ်သည့် အောက်ဆီဂျင်၊ လောင်စာနှင့်အပူရှိန်တို့ ဓာတ်ပြုမှုမှတစ်ဆင့် မီးလောင်မှုဖြစ်ခြင်းကြောင့် မီးငြိမ်းသတ်ရန် ကြိုးစားဆောင်ရွက်ရာတွင် အောက်ဆီဂျင်၊ လောင်စာနှင့် အပူရှိန်တစ်ခုခု ဖယ်ထုတ်လိုက်ပါက မီးလောင်ကျွမ်းမှုရပ်ဆိုင်းသွားမည်”**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကျန်းမာသက်ရှည်စေလို




ပါမောက္ခ ဒေါက်တာစိုးတင်၏ ကျန်းမာသက်ရှည်စေလိုစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကျန်းမာရေးအခြေခံများ၊ ကျန်းမာအသက်ရှည်စေရန် မည်သို့ဆောင်ရွက်ရမည်နည်း၊ မြန်မာပြည်တွင် နှစ်စဉ်သေဆုံးမှု အများဆုံးရောဂါများနှင့် ၎င်းတို့အား ကာကွယ်နည်းများ၊ ဗုဒ္ဓအလိုကျ ကျန်းမာသက်ရှည်စေရေးမူဝါဒများ၊ အနှစ်ချုပ်နှင့် ကျန်းမာအသက်ရှည် စေရေးနည်းဗျူဟာများပါရှိသည်။

စာရေးသူသည် National Library of Medicine (NLM) က ထုတ်ပြန်သော ၂၀၁၉ ခုနှစ်စာရင်းအရ နှစ်စဉ်သေဆုံးမှုအများဆုံး ရောဂါ ၁၅ မျိုးကို ရွေးချယ်ပြီး ၎င်းရောဂါများ၏အကြောင်းအရင်းများနှင့် ၎င်းတို့ကိုသိရှိပြီး အချိန်မီကာကွယ်နိုင်ရေးကို ဦးစားပေးရေးသားထားသည်။

ကျန်းမာရေးသည် လူတိုင်းအတွက်အရေးကြီးသည်။ လူ့ဘဝကို ခဲယဉ်းစွာရယူခဲ့ကြသော လူသားများ အားလုံးသည် ၎င်းတို့အသက်ရှင်ရေးနှင့် အထွေထွေအရေးများအတွက် စီးပွားရေးပြုလုပ်ကြရသည်။ သို့ရာတွင် ခလုတ်ထိမှအမိတဆိုသလို ကျန်းမာရေး၏တန်ဖိုးကို မေ့လျော့မနေဘဲ ကျန်းမာရေး၏တန်ဖိုးကို သိရှိကာ ခရီးသွားရင်းဟန်လွှဲဆိုသလို တစ်ပြိုင်တည်းဆောင်ရွက်ရန်လိုအပ်သည်။

ဤစာအုပ်တွင်ရေးသားထားသော ကျန်းမာရေးနှင့် အသက်ရှည်စေရေးနည်းလမ်းများသည် နိုင်ငံတကာ သုတေသီများ၏ မှန်ကန်သောတွေ့ရှိချက်များနှင့် မိမိကိုယ်တွေ့ လေ့ကျင့်မှုများအပေါ်အခြေခံ၍ ရေးသား ထားသဖြင့် စိတ်ပါဝင်စားစွာဖတ်ရှုပြီး လိုက်နာကျင့်သုံးသူအားလုံးသက်တော်ရာကျော်ရှည်ကြပြီး ကျန်းမာ ရွှင်လန်းကြပါစေဟု စာရေးသူက ဆုတောင်းမေတ္တာပို့သထားသည်။

စာအုပ်ကို ဦးချစ်ရီလေး ဖုန်း-၀၉-၅၀၄၇၃၅၆၊ ဗမာအမျိုးသမီးစာပေ၊ ၉၉/ မန္တလေးလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့မှဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၄၀၀၀ သတ်မှတ်ထားသည်။

## ဆူးလွှမ်းကန္တာပန်းလက်ာနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ



ကျွန်းစဉ်မြေစောခက်၏ ဆူးလွှမ်းကန္တာပန်းလက်ာနှင့် မဂ္ဂဇင်း ဝတ္ထုရှည်များစာအုပ် ထွက်ရှိလာသည်။

ငွေတာရီမဂ္ဂဇင်း၊ ရွှေအမြုတေမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ ရုပ်ရှင် တေးကဗျာမဂ္ဂဇင်း၊ ပန်းတိုင်ပညာရေးမဂ္ဂဇင်းနှင့် အခြားသောအထိမ်း အမှတ်မဂ္ဂဇင်းများ၌ ပါဝင်သောဝတ္ထု ၁၂ ပုဒ်ကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။

စာအုပ်တွင် ရေပင်လယ်ထဲကဘဝများ၊ ရိုးတောင်ရင်းက ချစ်ခြင်း အလင်္ကာ၊ ဘဝသစ္စာပန်းခင်းထဲက အဖြူရောင်မေတ္တာပန်းများ၊ တင်းပြုခံ နှလုံးသားပန်းများဖြင့် ထုံသင်း၏၊ ဘီလူးတွေကိုဖမ်းကြသူများ၊ ဆူးလွှမ်းကန္တာပန်းလက်ာ၊ သံယောဇဉ် တောင်တန်းပေါ်က စုန်ရေစီးကြောင်းများ၊ မေတ္တာလမ်းနှင့် မြစမ်းသီတာ၊ ပင်လယ်ပြင် ဖတ်စာသစ်၊ အပူကြိုက်တဲ့ ပန်းမိုက် မီးလောင်တိုက်ထဲလွင့်မျောစေ၊ မျက်ရည်များကြားက အလင်းစကားနှင့် ပန်းတောင်တန်းသို့ လှမ်းခဲ့သည် စသည့်ဝတ္ထု ၁၂ ပုဒ်ပါဝင်သည်။

ဝတ္ထု ၁၂ ပုဒ်တွင် ပညာရေးပြေးလမ်းပေါ်မှ ခံစားမှုရသဝတ္ထုလေးပုဒ်၊ မြင်ဖူးမှယုံစဖွယ်ဆိုသလို သုတရသ ပေးစွမ်းနိုင်သော ပင်လယ်ပြင်ရေလုပ်ငန်းဝတ္ထုသုံးပုဒ်နှင့် လောဘ၊ ဒေါသ၊ မောဟဖြစ်စဉ်တို့ဖြင့် ရယ်မော ရခြင်း၊ ငိုကြွေးရခြင်းအကြောင်းတရားတို့ကို ဆေးရောင်ပြောင်းအခင်းအကျင်းတို့ဖြင့် ရက်ယှက်ထားသော ဒုက္ခသစ္စာဖြစ်ပျက်မှုဝတ္ထုငါးပုဒ်ဖော်ပြထားသည်။

စာအုပ်ကို ဦးဗညွန့် ဘဝပင်လယ်စာပေ အမှတ် ၄၃၉/က၊ တကောင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ် ရန်ကုန်မြို့မှထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားသည်။

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နေပြည်တော် ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေ ဖြင့် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီး ဌာနက ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုနယ်မြေ နေပြည် တော်အတွင်း လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေး သည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူ များက လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ များနှင့် ဆက်လက်ဆောင်ရွက် မည့် အခြေအနေများကို ရှင်းလင်း တင်ပြကြရာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်း အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန်၊ အချိန်မီပြီးစီးအောင် ဆောင်ရွက် ရန်နှင့် လိုအပ်ချက်များကို မှာကြား ခဲ့သည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ် နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၃နာရီခွဲက မြို့နယ်အားကစားကွင်းတွင် ဗိုလ်မင်းရောင် ရပ်ကွက်အသင်း နှင့် ဆရာစံရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲတွင် ဗိုလ်မင်းရောင်ရပ်ကွက်အသင်းနှင့် ဆရာစံ ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဂိုးစီဖြင့်သရေကျခဲ့ပြီး ပြိုင်ပွဲတစ်လျှောက်လုံး အကောင်းဆုံးအားကစားသမားဆုကို ဗိုလ်မင်းရောင်အသင်းမှ ကျောနံပါတ်(၁၀)ရှေ့တန်းညာဝင်းအားကစား သမား မောင်အောင်ပြည့်ဖြိုးကရရှိခဲ့ပြီး ဆုတံဆိပ်အား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဆပ်ကော်မတီဝင် ဦးခွန်နိုင်ဝင်းက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရ သည်။

တင်စိုးလွင်



## မိုင်းပျဉ်းမြို့၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**မိုင်းပျဉ်း ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အခြေခံပညာမူလတန်းလွန် ကျောင်း ယမ်းမိုင်ကျေးရွာတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။




**ပေးအပ်ချီးမြှင့်**

ဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစောဝင်းနိုင်၊ မြို့နယ် ပညာရေးမှူး ဆရာမကြီးဒေါ်နန်းဟွမ်နွမ်း၊ အမက(မူလွန်)-ယမ်းမိုင် ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ အခမ်း အနားကို ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းထွန်းစိန်နှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နန်းဟွမ်နွမ်း တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းတွင်းထူးချွန်ဆု နှင့် အားကစားဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန် ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

# ထိန်းချုပ်ရန် လိုအပ်နေသည့် လေထုညစ်ညမ်းမှုအန္တရာယ်

**စိုးသူရ**

လေထုညစ်ညမ်းမှုသည် ကမ္ဘာပေါ်တွင် နိုင်ငံအများအပြားကြုံတွေ့နေရသည့် အန္တရာယ်တစ်ခုဖြစ်သည်။ လေထုညစ်ညမ်းမှုကြောင့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နာတာရှည် လေပြွန်ကျဉ်းရောဂါ၊ အဆုတ်ကင်ဆာ၊ အဆုတ်ရောင်ရောဂါများ ဖြစ်ပွားနေသည်ကို နိုင်ငံအများအပြားတွင် တွေ့ရှိရသည်။

လေထုညစ်ညမ်းရသည့် အကြောင်းရင်းများတွင် စက်မှုလုပ်ငန်းများ ချဲ့ထွင်ခြင်း၊ တောမီးလောင်ခြင်း၊ သဲကန္တာရအတွင်းရှိ ဖုန်မှုန့်များနှင့် စွန့်ပစ်အမှိုက်များကို လုံလောက်စွာ စီမံခန့်ခွဲမှုမပြုနိုင်ခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ပြီး လေထုညစ်ညမ်းမှုကြောင့် ဝင်ငွေနည်းနှင့် အလယ်အလတ်ရှိသော နိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်များ ပိုမိုဆိုးရွားနေသည်ကို တွေ့ရှိရသည်။

ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးစနစ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းနှင့် ပိုမိုကောင်းမွန်သော စည်ပင်သာယာရေး အမှိုက်စီမံခန့်ခွဲမှုတို့ကို ပံ့ပိုးပေးခြင်းဖြင့် လေထုညစ်ညမ်းမှုဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများကို လျှော့ချနိုင်မည်ဖြစ်သည်။



သန့်ရှင်းသော အိမ်သုံးစွမ်းအင်ကို သုံးစွဲခြင်းသည် အချို့ဒေသများတွင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို လျော့ကျစေခဲ့သည်။

ထိုင်းနိုင်ငံတွင် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပွားနေသဖြင့် မကြာမီအချိန်က စာသင်ကျောင်းများပိတ်ခဲ့ရပြီး ကျန်းမာရေးဆိုင်ရာသတိပေးချက်များကို ထုတ်ပြန်ခဲ့ရသည်။ ပန်းနာရင်ကျပ်ရောဂါကဲ့သို့သောရောဂါများသည် လေထုညစ်ညမ်းမှုဖြစ်ပွားသည့်ကာလများတွင် အသေအပျောက်အများဆုံးရောဂါဖြစ်သည်။

လေထုညစ်ညမ်းမှု ကာကွယ်ရေးအတွက် အောက်ပါအချက်များကို ဆောင်ရွက်သင့်သည်။

- အများသုံးသယ်ယူပို့ဆောင်ရေးတွင် လျှပ်စစ်သုံးယာဉ်များအသုံးပြုခြင်းဖြင့် လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးရှိစေသည်။
- တောမီးများလောင်ကျွမ်းမှုကို ထိန်းချုပ်ခြင်းသည်လည်း တောမီးလောင်ကျွမ်းရာမှ ထွက်လာသည့် အဆိပ်သင့်ဓာတ်ငွေ့များကို တားဆီးနိုင်စေသဖြင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးတွင် ထိရောက်သည့် နည်းလမ်းဖြစ်သည်။
- နိုင်ငံအများအပြားတွင်လည်း ယခုအခါ ဇီဝလောင်စာသုံးရထားကဲ့သို့သော ယာဉ်များကို သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုလာသဖြင့် လေထုညစ်ညမ်းမှုကို လျော့ကျစေပြီး ကုန်ကျစရိတ်သက်သာစေသည့် အကျိုးကျေးဇူးများ ရရှိနေသည်။
- ထို့ပြင် ကမ္ဘာ့နိုင်ငံများတွင် လေထုညစ်ညမ်းမှုလျော့ကျရေးအတွက် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ထိန်းချုပ်ရေးကိုလည်း ကြပ်မတ်ဆောင်ရွက်နေသည်။

လေထုညစ်ညမ်းမှုသည် ကမ္ဘာ့ပြည်သူများအတွက် ဆိုးရွားသည့် အကျိုးဆက်များရှိနေသဖြင့် စနစ်တကျ စီမံခန့်ခွဲထိန်းချုပ်ရမည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

ကိုးကား- လေထုညစ်ညမ်းမှုဆိုင်ရာ အင်တာနက်စာမျက်နှာများ

# ကျောင်းပေါင်းစုံ အလှမယ်ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၅ ခုနှစ်အတွက် ကျောင်းပေါင်းစုံ အလှမယ်ရွေးချယ်ပွဲ (Queen of the year 2025) ကို ဇန်နဝါရီ ၂၅ ရက်က Hype- Event & Entertainment က ဦးစီး၍ ဗဟန်းမြို့နယ် အမှတ် (၁၅/၁၇) ဗောဓိရိပ်သာလမ်းရှိ Golden Velly (2) ၌ ကျင်းပသည်။

ပညာရေးတွင် ထူးချွန်ပြီး အားကစား ကဏ္ဍတွင်လည်း ထူးချွန်ထက်မြက်စေရန်ရည်ရွယ်ချက်ဖြင့် ကျောင်းပေါင်းစုံ အလှမယ်ရွေးချယ်ပွဲ (Queen of the year 2025) တွင် ပုဂ္ဂလိကသင်တန်းကျောင်းများဖြစ်သည့် NMA College၊ PIU College၊ PISY၊ RMIT၊ FIT၊ International Five Star၊ CHI၊ GEC၊ SEC၊ UPIS၊ FOE သင်တန်း ကျောင်းများမှ ကျောင်းသူ ၂၀ တို့ပါဝင်ယှဉ်ပြိုင်ကြပြီး အကဲဖြတ်ဒိုင်နှင့် တက်ရောက်လာကြသည့် ကျောင်းသူများ၏ မိဘများက ရွေးချယ်ကြသည်။




၂၀၂၅ အလှမယ်အဖြစ် NMA College မှ ကျောင်းသူ မနန့်စုသီရိနိုင်၊ First Runner မကြယ်စင်ဝေနှင့် Second Runner မဖူးသဥ္ဇာစိုးတို့ကို အကဲဖြတ်ဒိုင်နှင့်တက်ရောက်လာကြသည့် ကျောင်းသူများ၏ မိဘများက ရွေးချယ်ကြသည်။ အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် CB Bank က ပံ့ပိုးကူညီပေးကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကြီးကျေးရွာ ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရွာသစ်ကြီးကျေးရွာ၌ အရှည်ပေ ၄၀၀၀၊ အကျယ် ၁၀ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်း(ရိစာခင်းခြင်း) ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၃၀ ဒသမ ၅သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နော်လူး**



# ပခုက္ကူမြို့နယ်၌ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ပခုက္ကူ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား Big Catch-Up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၀ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များ၌ ထိုးနှံတိုက်ကျွေးကြသည်။



ထိုသို့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရာတွင် ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသော ကလေးငယ်များနှင့် ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသည့်ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးကြရာ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ကလေးငယ်စုစုပေါင်း ၁၂၁၆ ဦးတို့အား ထိုးနှံတိုက်ကျွေးပြီးစီးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

❍ MFF မှ

ပွဲစဉ် (၃) အပြီးတွင် ရှိုင်ရယ်ရန်ကုန်အသင်းက ကိုးမှတ်၊ အာသာဝတီအသင်း၊ Mar Rein အသင်း၊ Southern Yangon Star အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ၊ Burmese Youth အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့က လေးမှတ်စီ၊ The Honour အသင်းနှင့် မြသီတာအသင်း၊ Golden Light United အသင်း၊ Yangon Focus အသင်းတို့က သုံးမှတ်စီရရှိထားပြီး ရန်ကုန်တောင်ဇလပ်အသင်းက သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန်အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

**ယခင်တစ်ပတ်က Question IV (A) (B) နဲ့ Question V Read the passage (1) (2) (3) (4) မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။**

**Answers**

IV.(A) 1. pass it on the street 2. stone and glass 3. train 4. hurricane 5. bake 6. all the difference 7. can ride 8. few paternal acres 9. Because it was grassy 10. he gallop and gallop about? 11. no step 12. knowing how way leads on to way 13. shouted ever come back 14. diverged in a wood 15. yellow 16. I could 17. in the undergrowth 18. grassy and wanted wear 19. Had worn them 20. paternal acres bound 21. breath his native air 22. flocks supply him with attire 23. slide soft away 24. peace of mind 25. airplanes 26. all the dogs 27. the moon 28. You'll find 29. adventure calls 30. whopping

IV (B) 1. "Manner" refers to the way of doing something. 2. "Manners" refers to the way a person behaves in society. 3. People should say "I'm sorry." in a good manner when having done a wrong. 4. Children acquire manners from home and the school. 5. Greeting appropriately and saying "I'm sorry" when having done a wrong are good manners that are usually practised in our society. 6. Teachers are good role models in a school because students imitate their manners and behaviour. 7. People take meditation to reduce stress. 8. Most people believe that money is the best way to find happiness. 9. The biggest barrier to happiness is envy. 10. Six kinds of nutrients that foods carry carbohydrates, vitamins, minerals, dietary fibre, proteins and lipids. 11. Beans, milk products and animal products such as meat, fish and eggs are a rich source of proteins. 12. A balanced diet simply means eating more fruits, vegetables and grains, and consuming less food high in fat, sugar and cholesterol. 13. Deforestation leads to loss of biodiversity and loss of nutrition for many local communities. 14. Emotion means a strong human feeling such as love, hatred, anger or fear. 15. Emotional well–being brings pleasant feelings such as excitement, happiness and love. 16. A red letter day is an important or special day because something particularly good, or important happens on this day. 17. When a business company is in the red it means that the company is losing money and is in debt. 18. We can say that a person is a green horn when he or she is young and inexperienced. 19. AI has the ability to perform cognitive functions such as perceiving, reasoning, and solving problems as humans do. 20. AI scientists have so far achieved success in creating AI–powered machines and gadgets with reasoning, speech and vision. 21. The drawbacks of AI are creating an AI–powered machine is way too expensive and there will be a high risk of unemployment in the future. 22. Pollution is making our planet warmer than usual. 23. Five major types of environmental pollution are air, water, soil, noise and light pollution. 24. 9. Forests must be protected because trees take in carbon dioxide. 25. Renewable energy refers to 'energy that is produced using the sun, wind, water, etc. rather than using fuels such as oil, gas and coal'. 26. Biomass isn't used to generate energy on a large scale because it is too expensive. 27. On 27th June, 1880, Helen Keller was born in Tuscumbia, Alabama. 28. Captain Keller asked the director of the Perkins Institute for the Blind in Boston for help with Helen Keller. 29. Helen Keller wrote books, appeared in films, toured foreign countries after graduating from Radcliffe College. 30. The two prerequisites to improve communication skills are to use appropriate tone of voice, body language, gestures, and posture to enhance the interest of the audience and to make one's communication informative, so that it will be worth paying attention to. 31. The father knew his son had a fever when he put his hand on his forehead. 32. The father fell twice, hard, once dropping his gun and having it slide away over the ice when he was walking on the glassy surface. 33. The boy had been waiting to die all day. 34. Intercultural communication is a discipline that studies communication across different cultures and social groups, or how culture affects communication. 35. 'Holding up the index finger' is an offensive manner in Italy. 36. We may have intercultural conflicts and misunderstandings because there are also differences in various aspects of culture: values, beliefs, rituals, norms, language and symbols. 37. Communication skills are important in our social dealings because they can improve relationship or worsen it. 38. "the black sheep of the family" means that he or she distinguishes from the other family members. 39. People who find that they work better during the night than during the day are nocturnal. 40. Electricity is generated from the sun when sunlight hits the photovoltaic cells on specially designed panels. 41. Someone who is young and inexperienced is commonly referred to as a greenhorn. 42. The function of the ozone layer is to protect the earth from the harmful ultraviolet rays of the sun. 43. When we cannot fulfil our wants or needs, we feel depressed, distressed or frustrated. 44. Apart from home, children learn or acquire manners from the school. 45. AI can assist teachers in the field of education in grading tests, retrieving up–to–date information on their subject matter, writing progress reports, etc. 46. Examples of fossil fuels are coal, oil and gas and we use them for our cars, trains, planes, machines, appliances, and many other energy–consuming vehicles and devices. 47. Mrs. Keller noticed a strange look in her baby's eyes shortly after the doctor left. 48. Advertisers choose bright and cheerful colours to say that we will have a brighter future if we use their products. 49. Rapid changes in the global economy, technology and transportation has led to a more diverse community in the 21st Century World. 50. Helen fought other children and sometimes hurt them. 51. The goals of schools and universities should include the promotion of effective communication because it is also a skill that will bring academic success. 52. According to the Merriam–Webster Dictionary (2016), 'happiness' is a state of well–being and contentment. 53. The slow, sad, soulful music of the African–Americans is called 'blues' because it reflects the sad lonely feelings of those African–Americans. 54. 'greenhouse gases' act to keep the planet's temperature at a safe level by acting as a blanket in trapping some of the sun's heat and preventing it from escaping back into space. 55. The things that convey information about the personality of a person are phone, e–mail, and video conferencing. 56. The most responsible persons for imparting good manners to children are all the elders of the present generation. 57. We should avoid eating processed foods because they contain a lot of sodium which causes high blood pressure. 58. The director of the Perkins Institute for the Blind thought Annie could teach language to Helen. 59. Air pollution occurs due to human activities such as fuel burning, logging, farming, mining, manufacturing, and construction of roads and buildings including natural events such as wildfires and volcanic eruptions. 60. Captain Keller contacted the director of the Perkins Institute for the Blind to get help for Helen.

**V.(1) Read the passage.**

(A) (1) Ill manners and negative views (2) be imparted (3) responsible (4) difficult (5) handle

(B) (6) Celebrities, films, some books and articles influence teenagers and young adults more often. (7) We can say that celebrities and films mislead teenagers and young adults because they make them acquire ill manners and negative views. (8) When a person gets a job, his or her work domain becomes an added institution to influence him or her, for good or evil. (9) The elders of this generation should join hands and teach their juniors conscientiously to be law – abiding, upright, honest, self – respecting, disciplined, punctual, charitable, helpful, merciful, and forgiving. (10) Our mutual responsiblity is to build / building a well – mannered society.

**(2) Read the passage.**

(A) (1) severe diseases (2) diabetes and heart disease (3) Meditation (4) the past and future (5) ten ways

(B) (6) People of nowadays may suffer from diabetes and heart disease because of work – related stress. (7) Meditation is also called mindfulness. (8) To practise meditation, we should find a clear floor, sit still and pay attention to what is happening to us at that very moment. (9) We can have the advantage of meditation that it will ease the tension in our body, clear our mind or negative thoughts and give us a sense of inner peace and well – being. (10) The ten ways will be of much benefit to those who are desperately seeking happiness.

**(3) Read the passage.**

(A) (1) Food insecurity (2) many benefits (3) pollution (4) Air, water and soil pollutants (5) nutrition – related health problems

(B) (6) Forests are regarded as an excellent source of foods by being a haven of biodiversity. (7) We can find mushrooms, banboo shoots, nuts, berries, leaves, and tubers in the forests. (8) Local communities experience loss of biodiversity and loss of nutrition because of deforestation. (9) Environmental damage and loss of biodiversity adversely affect diet, nutritional value and health. (10) We can consider diet and nutrition that they are the very basic life – sustaining forces of all living things and the keystone of good health.

**(4) Read the passage.**

(A) (1) disgusted (2) People with emotional wellness (3) much (4) worse (5) eat and sleep

(B) (6) Disgust can help to protect us from harm or illness. (7) According to psychologists, emotional well – being means the ability to recognise our emotions, manage them and produce positive feelings or thoughts. (8) We usually behave by blaming others or critising them when we encounter something bad or unkind. (9) The feeling of depression, distress or frustration can occur when our wants or needs are not fulfilled. (10) Someone will be faced with problems, like losing beloved ones if negative emotions become chronic or overwhelming.

****************************

**Question V မေးခွန်းများကို ဆက်လက်ဖော်ပြပါမည်။**

**(5) Read the passage.**

When someone is caught red–handed, he or she is caught in the act of committing a crime. And most modern–day teenagers enjoy red hot music, which is music that is loud and quick in rhythm. A red letter day is an important, or special day because something particularly good, important happens on this day. And how we hate all that red tape, which refers to all those unnecessary rules and regulations which result in delay. Are you yellow? If so, you have no courage; you are cowardly. But when a footballer is shown a yellow card, it means that he is warned for having broken a rule. And a yellow ribbon is a symbol of welcome – in the USA – for those returning home after having undergone danger. For instance, a soldier returning home from battle is quite likely to find yellow ribbons tied round a tree in his front yard. စာမျက်နှာ ၂၁ သို့ ❂

✪ စာမျက်နှာ ၂၀ မှ

Do you like to wear black clothes? You are not all alone if you say "yes". Black is the most preferred colour in today's fashion world. And the highest belt awarded in martial arts is black. However, black is also associated with mysterious or frightening things, as in black holes, black magic, black spirits, and so on. Like any other colours, black has both positive and negative connotations. For instance, a company in the black has more money than it owes. But, when someone is described as the black sheep of the family, he or she notoriously stands out from the rest of the family.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Being caught in the act of committing a crime is said to be caught ---------.

(2) On the --------, something particularly good or important happens.

(3) Yellow represents the lack of -------- and being cowardly.

(4) Showing a -------- is warning a footballer for having broken a rule.

(5) -------- have always been popular in today's fashion world.

**(B) Answer each question in one sentence. (5 marks)**

(6) What is red hot music?

(7) Why do we really hate red tape?

(8) How is a yellow ribbon used in the USA?

(9) What does a company in the black mean?

(10) When is someone described as the black sheep of the family?

**(6) Read the passage.**

In the field of education, Al can help teachers in grading tests, retrieving up-to-date information on their subject matter, writing progress reports, etc. For today's students, who are digital natives, All is their everything: playmate, friend, tutor, advisor, etc. Al can even be a personal classroom where they can learn what they wish. Al greatly contributes to the conservation of the natural environment as well. We are using Al-powered robotic boats to clean up lakes, rivers, and seas. Nowadays most of the industries around the world are full of innovations such as Al-based industrial robots machines and tools.

**What are the drawbacks of Al?**

Like any other inventions, Al has its drawbacks. Creating an Al-powered machine is way too expensive. In mass production, human workers are being replaced with robots, family members of Al-powered machines. This can result in a high risk of unemployment or redundancy in the future. On top of that, if these powerful Al tools are in the hands of bad people, we dare not imagine what will happen to the entire human race.

No matter whether we recognise it or not, Al is everywhere, with its success stories here and there. To a certain extent, Al-powered machines are reportedly outperforming humans in such sectors as transportation, security surveillance, healthcare management and aeronautical engineering. All powered machines can do human tasks with the greatest precision. With this extraordinary innovation, what will be the future of human beings? Will we be better off in the future? Only time will tell what our future will be like in Industry 4.0 and beyond, with all the technological advances yet to come.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) AI is everything of students born in -------- age.

(2) -------- conservation is greatly contributed by AI.

(3) AI - powered robotic boats help us -------- lakes, rivers and seas.

(4) It is too expensive to -------- AI - powered machines.

(5) No one can predict our future beyond Industry 4.0 except --------.

**(B) Answer each question in one sentence. (5 marks)**

(6) How can AI help teachers in the field of education?

(7) What do most industries around the world innovate?

(8) What can result in a high risk of unemployment or redundancy in future?

(9) Why should we recognize AI?

(10) Why can we say that AI - powered machines outperform humans in some sectors?

**(7) Read the passage.**

The ill effects of light pollution are many. For instance, light that is too bright can damage our vision; so does insufficient light. A bright light has been found to cause sleep disorders such as sleep deprivation, which in turn causes stress, headaches and increasing anxiety. Bright artificial night light has been found to upset the food-hunting pattern of many nocturnal and crepuscular creatures.

To minimise the effects of environmental pollution, what should we do? What are the possible solutions to some environmental problems that come about as a result of pollution? We must reduce our use of fossil fuels and promote the use of friendly sources of energy, like the sun, wind and water. Although it is impossible to shut down factories, there should be stricter laws to prevent them from polluting the environment. Forests must be protected because trees take in carbon dioxide. Fewer fertilisers and pesticides should be used in agriculture. We should also try produce less waste, and recycle lots of things that we throw away. And we should be judicious in using light during the night as well as day. If we do not do something to combat pollution: a hazard to our environment, we will all be losers - with dire consequences to face.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Too bright light as well as _________ can damage our vision.

(2) Sleep disorders can _________by a bright light.

(3) _________ is one of sleep disorders.

(4) Using our friendly sources of energy can _________ environmental pollution.

(5) It cannot be _________ for factories to be shut down.

**(B) Answer each question in one sentence. (5 marks)**

(6) What is the consequence of sleep deprivation?

(7) Why can't many nocturnal and crepuscular creatures hunt for their prey well?

(8) How must we reduce the use of fossil fuels?

(9) What should we avoid doing in agriculture?

(10) When do we encounter dire consequences as losers?

**(8) Read the passage.**

Electricity is generated when sunlight hits the photovoltaic cells on specially designed panels. The efficiency of the solar panels depends on their location - the sunnier the place, the more efficient they are. Solar energy is popular in remote areas where there is no access to an electricity grid, but it is also used as a green alternative to power homes and buildings that are connected to the grid. This process of converting sunlight into electricity brings many benefits to our environment. It helps control air pollution, it causes no noise, and sunlight is a renewable source that will not get used up. However, a large area of land is needed to produce a large amount of solar power. In some countries, citizens turn to solar energy on their own, and governments encourage them to adopt solar power systems.

**Biomass energy**

Biomass is a biologically produced fuel made from dead plant and animal materials. It is considered to be the oldest source of renewable energy. Biomass energy has been used since humans first started burning wood for fire. The burning of biomass can be used to produce steam, which turns turbines and generates electricity. Biomass can re-grow over a relatively short period of time, whereas it takes hundreds of millions of years to form fossil fuels. By using biomass, which is made up of rubbish and other organic waste, we can reduce the need to bury rubbish under the ground in a landfill. However, some people are worried that burning biomass causes global warming because it produces greenhouse gases. In addition, it can be expensive to use biomass to generate energy on a large scale.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The sunnier _________ of the solar panels, the more efficient they are.

(2) Solar energy has gained _________ in remote areas beyond the reach of electricity grid.

(3) Homes and buildings connected to the grid use _________ as a green alternative.

(4) To produce a large amount of solar power, we need _________.

(5) Citizens _________ solar energy are encouraged to adopt solar power systems.

**(B) Answer each question in one sentence. (5 marks)**

(6) When is electricity generated by solar energy?

(7) What are the benefits of solar energy to our environment?

(8) Why is Biomass considered to be the oldest sources of renewable energy?

(9) How do we produce steam and why?

(10) What can we do by using biomass?

**(9) Read the passage.**

Helen was almost a wild child. No one could control her. The Kellers didn't know what to do. They needed help. In February, 1887, Captain Keller contacted the Perkins Institute for the Blind Boston. He asked the director of the Institute for help with Helen.

The director of the Institute spoke to a young woman called Annie Sullivan. He told Annie about Helen and asked her if she would like to become Helen's teacher. The director explained, "Helen is a very intelligent child but she has no language. There's a treasure inside her that needs to be opened. And I think you can open it for her."

Annie Sullivan was excited by the idea of helping a deaf-blind child. She agreed to trave to Tuscumbia and become Helen's teacher. When she arrived at the Kellers' house, she found a very, messy, spoilt little girl. Helen grabbed Annie's suitcase and immediately began pulling everything out of it.

**(A) Write the correct word or words to complete each sentence.**

(1) Helen could not ________ by the Kellers as she was almost a wild child.

(2) It was Annie Sullivan ________ the director spoke to.

(3) The director explained ________ Helen was a very intelligent child.

(4) Annie travelled to Tuscumbia to ________ Helen.

(5) There was a ________ in the Kellers' house.

**(B) Answer each question in one sentence.**

(6) Whom did Captain Keller contact in February , 1887?

(7) Why did Captain Keller contact the Perkins Institute for the Blind in Boston?

(8) What did the director ask Annie?

(9) How was Annie Sullivan excited?

(10) What did Helen do to Annie's suitcase?

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆောင်းရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

မြစ်ကြီးနား ဇန်နဝါရီ ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရာပြည့်ကိုယ်ပိုင် အထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆောင်းရာသီအားကစားပြိုင်ပွဲများ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီခွဲက ပြည်နယ် ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အားပေးချီးမြှင့်သည်။

ဦးစွာ ရာပြည့်ကျောင်းတည်ထောင်သူ ဦးဇေယျာက ကျေးဇူးတင်စကားပြောကြားပြီး ဆောင်းရာသီ အားကစားပြိုင်ပွဲများ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဘုရင့်နောင်အသင်းနှင့် အနော်ရထာ အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ထို့နောက်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်ကျောင်းသူ



များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းကောင်စီ တာဝန်ရှိသူများက အားကစား ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီပေးခဲ့သော ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့် ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ များကို လည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်းရာသီအားကစားပြိုင်ပွဲ များဖြစ်သည့် ထက်၊ လယ်၊ မူ အမျိုးသား အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၄၀၀နှင့် မီတာ ၈၀၀ ပြိုင်ပွဲများ တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက အမျိုးသား ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆု ရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူ များနှင့် တတိယဆုရဘောလုံးအသင်း၊ ဒုတိယဆုရ ဘောလုံးအသင်းတို့အား တစ်ဦးချင်းလည်ဆွဲ ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း ကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရဘောလုံး အသင်းအား တစ်ဦးချင်းရွှေတံဆိပ်လည်ဆွဲဆုများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဟုမ္မလင်းမြို့၌ စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်းကျင်းပ

ဟုမ္မလင်း ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဦးဆောက်က အမှာစကားပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ဒေါ်နန်းမဥ္စူအေးက ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ မောင်ထွန်းလင်းရွှေက ရင်ထဲရှိသမျှ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဇင်မာအေးက လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မအေးနန္ဒာကျော်က လူငယ်နှင့်ယုံကြည်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမေခြည်ဝင်းက နှစ်သစ်ရဲ့အဓိဋ္ဌာန် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ၊ ဟုမ္မလင်း ဒေသ ရှမ်းနီတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများအား လူငယ်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

## လောင်းလုံးမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

လောင်းလုံး ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံးမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီ ပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့် ခြင်း အခမ်းအနားကို ယနေ့နံနက် ပိုင်းက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။




### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြား ရေးမှူး ဦးဝင်းနောင်၊ ထားဝယ်ခရိုင် ပညာရေးမှူးဦးဆန်းဦး၊လောင်းလုံး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် လောင်းလုံး မြို့နယ်ပညာရေးမှူး ဒေါ်အေးလှ တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်း နောင်က စုံညီပွဲတော်ကျင်းပရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မြို့နယ်အဆင့် ကာယ ဉာဏ စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြောင်းမြခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းပြုလုပ်

မြောင်းမြ ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက Book Club အဖွဲ့ဖြင့် စာဖတ်ဝိုင်းပြုလုပ်ဆွေးနွေးခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းတွင် ငြိမ်းငွေစံ ရေးသားသည့် "တွေးမိရေးခဲ့ မိသည့်ဆောင်းပါးများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ် ဆွေးနွေးရာ Book Club အဖွဲ့နာယက ဆရာကြီး ဦးခင်စိုးက အဖွင့်အမှာစကားပြော ကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Book Club နာယက ဆရာကြီး ဦးကျင်စိုးက "ကိုယ်လုပ်မှကိုယ်ရမယ်"၊ Book Club အဖွဲ့ဝင် ဒေါ်မိုးမိုးသန့်က "မမြင်



ရတဲ့ကိစ္စတွေရှိကြောင်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက် လာကြသူများက စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တောင်တွင်းကြီးမြို့နယ်၌ အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ကြားသင်ယူမှုထိရောက်ရေး ဆွေးနွေးပွဲများ ကျင်းပ

တောင်တွင်းကြီး ဇန်နဝါရီ ၂၆

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံ ပညာမူလတန်းအဆင့်နှင့် အလယ် တန်းအဆင့် သင်ကြားသင်ယူမှု ထိရောက်ရေးနှင့် အရည်အသွေး မြှင့်တင်ရေးအတွက် မြို့နယ် အဆင့် ဆွေးနွေးပွဲများကို ယနေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက် ကျောင်းတို့၌ ကျင်းပသည်။

### အရည်အသွေးမြှင့်တင်

အဆိုပါ မြို့နယ်အဆင့် အခြေခံ ပညာမူလတန်းအဆင့် Grade – 5 သင်ကြားသင်ယူမှု ထိရောက်ရေး နှင့် အရည်အသွေးမြှင့် ဆွေးနွေးပွဲ ကို တက်ရောက်ဆွေးနွေးခဲ့ကြ သည့် ဆရာ ဆရာမ ၁၃၉၅ ဦးနှင့် ဦးဆောင်ဆွေးနွေးသူ ဆရာ ဆရာမ၄၆ဦး၊အခြေခံပညာအလယ် တန်းအဆင့် Grade –9 အတွက် သင်ကြားသင်ယူမှု ထိရောက်ရေး ဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမ ၄၃၂ ဦးနှင့် ဦးဆောင်ဆွေးနွေးသူ ဆရာ ဆရာမ ၃၀ စုစုပေါင်း ဆရာ ဆရာမ ၁၉၀၃ ဦးတို့က မိမိတို့ သင်ကြားသည့် ဘာသာရပ်များ အလိုက် သင်ကြားသင်ယူရေး ထိရောက်မှု ရှိစေရေးနှင့် အရည်အသွေး မြှင့်တင်ရေး အတွက် ပါဝင်ဆွေးနွေးခဲ့ကြ သည်။

မြို့နယ်(ပြန်/ဆက်)

■

# အာကာသသို့ အပြိုင်အဆိုင်

နီဇော်သစ်



'အာကာသသို့ အပြိုင်အဆိုင်'ဆိုသော စကားလုံးသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ အားပြိုင်ခဲ့သည့်ကာလ၊ တစ်နည်း စစ်အေးခေတ် အစောပိုင်းကတည်းက ခေတ်စားခဲ့သည့် အသုံးအနှုန်းဖြစ်သည်။ ခုနှစ်အားဖြင့်ဆိုလျှင် ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ် အစောပိုင်းကာလများအထိ။ နေးလ်အမ်းစထရောင်းနှင့် ဘက်ဇ် အော်လ်ဒရင်တို့ လကမ္ဘာပေါ်၌ ခြေချနိုင်ခဲ့သည့် ၁၉၆၉ ခုနှစ် နောက်ပိုင်း အားပြိုင်မှုလျော့သွားခဲ့သည်။ လျော့သွားသည့်အပြင် နာဆာနှင့် ရော့စ်ကော့စ်မော့စ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများပင် ရှိလာခဲ့သည်။

ယခုတစ်ဖန် 'အာကာသသို့ အပြိုင်အဆိုင်' ဆိုသည့် စကားလုံး တစ်ကျော့ပြန်ခေတ်စားလာပြီ။ ယခုတစ်ကြိမ်တွင်တော့ ကမ္ဘာ့အင်အားကြီးနိုင်ငံနှစ်ခု၏ ပြိုင်ဆိုင်မှုမဟုတ်။ ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင် ဘီလျံနာကြီးနှစ်ဦး၏ ပြိုင်ဆိုင်မှုဖြစ်လာသည်။ အီလွန်မက်စ်နှင့် ဂျက်ဖ်ဘီဇော့။ စပေ့စ်အိတ်စ် (SpaceX) နှင့် ဘလူးအော်ရီဂျင် (Blue Origin)။

**အသက်ဝင်လာခြင်း**

ထိုပြိုင်ဆိုင်မှုမှာ ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က ပိုမိုအသက်ဝင်လာသည်။ ထိုနေ့တစ်ရက်တည်းမှာပင် ကုမ္ပဏီနှစ်ခုလုံးက ဒုံးပျံများ စမ်းသပ်ပစ်လွှတ်မှုများ လုပ်ခဲ့ကြ၍ပင်။

ဘလူးအော်ရီဂျင်က သူတို့၏ ပထမဆုံး ဒုံးပျံ နယူးဂလင်း (New Glenn)ကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ပစ်လွှတ်မှုမှာ အောင်မြင်သည်။ ရည်ရွယ်ချက်အတိုင်း ဂြိုဟ်တုပုံစံငယ်တစ်ခုကို ကမ္ဘာပတ်လမ်းထဲသို့ လွှတ်တင်နိုင်ခဲ့သည်။ နယူးဂလင်းဒုံးပျံသည် မက်ထရစ်တန် ၁၃ တန်ခန့်ကို တင်ဆောင်သွားခဲ့ရာ အာကာသ ဝန်စည်စလယ်တင်ပို့မှုတွင် စပေ့စ်အိတ်စ်၏ ဖဲလ်ကွန်-၉ (Falcon 9) ဒုံးပျံအတွက် ပြိုင်ဘက်ကောင်းဖြစ်လာသည်။ ကမ္ဘာပတ်လမ်းနိမ့်သို့ မက်ထရစ်တန် ၄၅ တန်၊ ကမ္ဘာပတ်လမ်းမြင့်သို့ မက်ထရစ်တန် ၁၃ တန် တင်ပို့နိုင်ရန် ဒီဇိုင်းဆွဲထားသည်။ ပစ်လွှတ်မှုအောင်မြင်သော်လည်း ဒုံးပျံမှာမူ ပြန်လည်ကောက်ယူနိုင်ရန် ကြိုတင်စီစဉ်ထားသည့် ဧရိယာထဲသို့ မကျရောက်ခဲ့ပေ။ ထို့ကြောင့် ပြန်လည်အသုံးပြုနိုင်စွမ်းအပေါ်တွင် ဆက်လက်အားထုတ်ရန်လိုနေသေးသည်ဟု ဆိုနိုင်သည်။

စပေ့စ်အိတ်စ်၏ စူပါဟဲဗီးဒုံးပျံကမူ ခုနစ်ကြိမ်မြောက် စတားရှစ် စမ်းသပ်ပစ်လွှတ်မှုတွင် ဂြိုဟ်တုပုံစံငယ် ၁၀ ခု အပါအဝင် မက်ထရစ်တန်ချိန် ၂၅ တန်ခန့်ကို သယ်ဆောင်သွားခဲ့ရာ အာကာသဝန်စည်စလယ်တင်ပို့မှုတွင် သူ့စံချိန်သူ ပြန်ချိုးခဲ့ပြန်သည်။ စူပါဟဲဗီးသည် ကမ္ဘာပတ်လမ်းနိမ့်သို့ ဝန်စည်မက်ထရစ်တန် ၂၅၀၊ ကမ္ဘာပတ်လမ်းမြင့်သို့ မက်ထရစ်တန် ၁၅၀ တင်ပို့ရန် ဒီဇိုင်းဆွဲထားသည်။ စပေ့စ်အိတ်စ်၏ စမ်းသပ်ပစ်လွှတ်မှုမှာ စတားရှစ်အာကာသယာဉ်ကို လွှတ်တင်ပေးခဲ့ပြီး စူပါဟဲဗီးပြန်ဆင်းလာကာ ဒုံးလွှတ်စင် လက်တံနှစ်ခုကြား၌ ပြန်ဖမ်းမိသည်အထိ အောင်မြင်ခဲ့သည်။ သို့သော် စတားရှစ် အာကာသယာဉ်မှာ လမ်းခုလတ်တွင် ပေါက်ကွဲသွားခဲ့သည်။ လောင်စာယိုစိမ့်မှုကြောင့်ဟု ခန့်မှန်းထားပြီး အမေရိကန်လေကြောင်းအာဏာပိုင် (FAA)ကို အကြောင်းရင်း စုံစမ်းတင်ပြရန် အမိန့်ထုတ်ထားသည်။

မည်သို့ပင် အားနည်းချက်များရှိနေပါစေ ပုဂ္ဂလိက ကုမ္ပဏီကြီးနှစ်ခု၏ အာကာသနည်းပညာ အားပြိုင်မှုကို ကျွန်တော်တို့ မျက်ဝါးထင်ထင်မြင်တွေ့ရဖို့က သေချာနေပြီဖြစ်သည်။

အာကာသ ပြိုင်ဆိုင်မှုဟုဆိုသည့်တိုင် ရည်မှန်းချက်များမှာ ကွဲပြား၏။ စပေ့စ်အိတ်စ်က အင်္ဂါဂြိုဟ်ကို ကိုလိုနီပြုရန်နှင့် အာကာသသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် ကျဆင်းလာရန် ဦးတည်သည်။ ဘလူးအော်ရီဂျင်က သန်းနှင့်ချီသောလူများ အာကာသအတွင်း နေထိုင်အလုပ်လုပ်ပြီး မြေကမ္ဘာအတွက် အကျိုးပြုနိုင်စေရန်ဦးတည်သည်။ အာကာသခရီးသွားလုပ်ငန်းလုပ်ရန် ရည်ရွယ်ထားပြီး ပထမဆုံးခရီးစဉ်တွင် ဘီဇော့ကိုယ်တိုင် လိုက်ပါသွားခဲ့ရာ ကမ္ဘာ့သူကြွယ်ကြီးများ ကြွားလုံးထုတ်နိုင်ရန် မျက်စိကျနေပြီဖြစ်သည့် လုပ်ငန်းတစ်ခုလည်း ဖြစ်လာသည်။

တူညီသည့်အချက်မှာ နှစ်ဖွဲ့လုံးက ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံများ တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံများကြောင့် ဂြိုဟ်တုလွှတ်တင်စရိတ်သည် ယခင်အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော် ရှိခဲ့ရာမှ ယခု ၁၀ သန်းဝန်းကျင်သာ ကုန်ကျတော့သည်။ နောက်တစ်ချက်မှာ နှစ်ဖွဲ့လုံးက ဂြိုဟ်တုအင်တာနက်ကို ဦးတည်ထားကြခြင်းဖြစ်သည်။ ထိုရည်မှန်းချက်တွင် စပေ့စ်အိတ်စ်က အပြတ်အသတ် အသာရထားသည်။ စပေ့စ်အိတ်စ်၏ စတားလင့်ဂြိုဟ်တုများသည် ကမ္ဘာပတ်လမ်းတွင် စတင်အလုပ်လုပ်နေပြီဖြစ်ပြီး ဘလူးအော်ရီဂျင်၏ ပရောဂျက်ကွိုက်ပါမှာ စလုံးရေစအဆင့်မှာပင် ရှိနေသေးသည်။ သို့သော် နှစ်ဖွဲ့လုံးမှာ ဂြိုဟ်တုကြယ်စင်စုစုဖွဲ့ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အင်တာနက်ဝန်ဆောင်မှုလွှမ်းခြုံနိုင်ရန် ရည်ရွယ်ထားကြသည်။

**နာဆာ ပရောဂျက်များ**

ထိုသို့ ပုဂ္ဂလိက အာကာသလုပ်ငန်းကြီးများ ပေါ်ထွက်လာခြင်းမှာ အမေရိကန် အာကာသ အေဂျင်စီ နာဆာအတွက် ဝန်ထုပ်ဝန်ပိုးများလျော့ကျလာနိုင်သည်။ အထူးသဖြင့် နှစ်ပေါင်း ၅၀ ကျော် တိမ်မြုပ်သွားခဲ့သော လကမ္ဘာစီမံကိန်းများကို ပြန်လည်အသက်သွင်းမည့် အာတီမစ် ပရောဂျက်များအတွက် များစွာအကူအညီရလာသည်။ ကုမ္ပဏီနှစ်ခုအနေဖြင့်လည်း ဘီလီယံချီသည့်ပရောဂျက်ကြီးများရရှိသောကြောင့် ဘီဇော့နှင့် မက်စ်တို့ကို ပိုမိုချမ်းသာကြွယ်ဝလာစေခဲ့သည်။

ဘလူးအော်ရီဂျင်သည် အာတီမစ် ပရောဂျက်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ၂၀၂၀ ပြည့်လွန်နှစ် နှောင်းပိုင်းကာလများတွင် လွှတ်တင်ရန်ရည်ရွယ်ထားသည့် လကမ္ဘာပေါ်သို့ လူသားခြေချမည့် အာတီမစ်(၅) စီမံကိန်းတွင် ဘလူးအော်ရီဂျင်က လဆင်းယာဉ်ကို တာဝန်ယူထားရသည်။ ဘလူးအော်ရီဂျင်၏ နှစ်ဆင့်လဆင်းယာဉ် ဘလူးမွန်းသည် လူသားတို့အပြင် သိပ္ပံနှင့်နည်းပညာကိရိယာများကိုပါ လမျက်နှာပြင်ပေါ်သို့ တင်ပို့ပေးမည်ဖြစ်သည်။ ထိုစီမံကိန်းအတွက် ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံတန် စာချုပ်ချုပ်ဆိုထားသည်။ ထို့ပြင် နာဆာ၏ မစ်ရှင်အားလုံးအတွက် အင်ဂျင်ပိုင်းကိုလည်း ဘလူးအော်ရီဂျင်က ရထားသည်။ ဘလူးအော်ရီဂျင်၏ ဘီအီး-၄ အင်ဂျင်ကို နာဆာက အဓိကအသုံးပြုမည်ဖြစ်သည်။ နာဆာ၏ အနာဂတ် အာကာသစခန်းစီမံကိန်း အော်ဘစ်တယ်ရိဖ် (Orbital Reef) တွင်လည်း ဘလူးအော်ရီဂျင် ပါဝင်သည်။ ကမ္ဘာပတ်လမ်းကြောင်းနိမ့်ထဲသို့ ခရီးသွားလုပ်ငန်းလုပ်ရန်နှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ တင်ပို့ပေးရန်ဖြစ်သည်။

အာတီမစ်တွင် စပေ့စ်အိတ်စ်ကလည်း နောက်မှ ပါဝင်နိုင်ခဲ့သည်။ ၂၀၂၅ မစ်ရှင် အာတီမစ်(၃)တွင် စတားရှစ် လဆင်းယာဉ်ကို တာဝန်ယူ တည်ဆောက်ပေးရမည်ဖြစ်သည်။ လဆင်းယာဉ်ဟုသာခေါ်သော်လည်း ယခင်ကလို လဆင်းယာဉ်သက်သက် မဟုတ်တော့။ ပြန်တက်ချိန်တွင်လည်း ထိုယာဉ်ဖြင့်သာ ပြန်တက်မည်ဖြစ်ရာ ပြန်လည်အသုံးပြုနိုင်သော လွန်းပြန်ယာဉ်သဘောမျိုးဖြစ်သည်။ စပေ့စ်အိတ်စ်၏ ခရူးဒရက်ဂွန်(Crew Dragon) အာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်း(ISS)သို့ အကြိုအပို့လုပ်ပေးရန် တာဝန်ယူထားပြီဖြစ်သည်။ ထိုယာဉ်ဖြင့်ပင် ထောက်ပို့လုပ်ငန်းကိုပါ လုပ်ဆောင်ခဲ့ရာ ၂၀၁၂ ခုနှစ်မှ လက်ရှိအချိန်ထိ အကြိမ် ၃၀ ထောက်ပံ့ပို့ဆောင်ပေးထားပြီးဖြစ်သည်။

**အထွေထွေသုံးနည်းပညာ**

အာကာသနည်းပညာသည် အထွေထွေသုံး နည်းပညာတစ်ရပ် ဖြစ်လာနိုင်သည့် အလားအလာရှိသော နည်းပညာတစ်ရပ်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ကတည်းက စတင်ဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း အဓိကအားဖြင့် ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် ရပ်တန့်နေခဲ့ရသည်။ ယခု အမေရိကန်ပုဂ္ဂလိကလုပ်ငန်းကြီးများ ဝင်ရောက်လာခြင်းကြောင့် ပြန်လည်ရှင်သန်လာပြီဖြစ်သည်။ ထို့ပြင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများသည် အာကာသနည်းပညာနယ်ပယ်ထဲသို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေကြပြီလည်းဖြစ်သည်။ အကျိုးအမြတ်ဖြစ်ထွန်းမှုမှာလည်း မက်စ်နှင့် ဘီဇော့ကိုကြည့်ရုံဖြင့် သိသာနေရာ နောက်ထပ် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝင်ရောက်ရန် ကြိုးစားလာမည်မှာလည်း သေချာလှသည်။ ထိုသို့ အပြိုင်အဆိုင်ဖြစ်လာခြင်းသည် အသုံးပြုမှုကုန်ကျစရိတ်ကို ကျဆင်းလာစေပြီး အများသုံး နည်းပညာတစ်ရပ်ဆီသို့ ဦးတည်လာနိုင်သည်။ ထိုမှတစ်ဆင့် သီးခြားကျွမ်းကျင်မှုမလိုအပ်ဘဲ လူတိုင်းသုံးနိုင်သည့် အထွေထွေသုံးနည်းပညာတစ်ရပ်ပင်ဖြစ်လာနိုင်သည်။ ။

Ref: spacex.com
blueorigin.com
nasa.org

# အာဖရိကတိုက်သည် ထင်ထားသည်ထက် ပို၍မြန်မြန် နှစ်ပိုင်းကွဲလျက်ရှိ

အာဖရိကတိုက်သည် ယခင်ကထင်ထားသည်ထက် ပို၍မြန်မြန်ဆန်ဆန် နှစ်ပိုင်းကွဲထွက်နေကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

အီသီယိုးပီးယားနိုင်ငံ သဲကန္တာရထဲတွင် ၂၀၀၅ ခုနှစ်က ၃၅ မိုင်ရှည်လျားသော အက်ကြောင်းကြီး ဖြစ်ပေါ်လာပြီးနောက် ထိုအက်ကြောင်းကြီးသည် တစ်နှစ်လျှင် လက်မဝက်နှုန်းဖြင့် ကျယ်ပြန့်လာလျက်ရှိသည်။ ထိုဖြစ်စဉ်မှာ လာမည့်နှစ်ပေါင်း ၁၀ သန်းကျော်တွင် အာဖရိကတိုက်ကို နှစ်ခြမ်းကွဲသွားစေနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းခဲ့ကြသည်။

သို့သော် ယခုအချိန်တွင်မူ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက အာဖရိကတိုက် နှစ်ခြမ်းကွဲခြင်းသည် လာမည့်နှစ်ပေါင်း တစ်သန်းမှ ငါးသန်းအတွင်းဖြစ်နိုင်ကြောင်း ပြင်ဆင်ခန့်မှန်းခဲ့ကြသည်။ ထိုသို့ ကွဲထွက်သွားခဲ့လျှင် ကမ္ဘာပေါ်၌ တိုက်အသစ်တစ်ခုနှင့် သမုဒ္ဒရာအသစ်တစ်ခု ပေါ်လာမည်ဖြစ်သည်။

ပါမောက္ခ ကင် မက်ဒေါ်နယ်က "ဘာဖြစ်လာမလဲဆိုတော့ အိန္ဒိယသမုဒ္ဒရာထဲက ရေတွေဝင်လာပြီး အခု အရှေ့အာဖရိက မြေကျွံချိုင့်ဝှမ်းကို လွှမ်းသွားမှာပါ။ ငလျင်လှုပ်တာတွေ၊ မီးတောင်ပေါက်ကွဲတာတွေလောက်ပဲ ကြုံရမှာပါ။ ကျွန်တော်တို့ သက်တမ်းအတွင်းမှာ သမုဒ္ဒရာကြီးတစ်ခု ဖြစ်ထွန်းလာတာမျိုး တွေ့ရမှာမဟုတ်ပါဘူး"ဟု ဆိုသည်။

ထိုအက်ကြောင်းကြီးသည် ဆိုမာလီယာ၊ ကင်ညာ၊ တန်ဇန်းနီးယားနှင့် အီသီယိုးပီးယားနိုင်ငံများကို ဖြတ်သွားမည်ဖြစ်သည်။ ထိုနေရာတွင် ဆိုမာလီယာကျောက်ပြားကြီးနှင့် နူဘီယန်ကျောက်ပြားကြီးတို့ ထပ်လျက်ရှိရာ နှစ်ခြမ်းကွဲမှုဖြစ်စဉ်ကြောင့် ထိုတက်တိုးနစ် ကျောက်ပြားကြီးနှစ်ချပ် လွတ်သွားမည်ဟုလည်း ခန့်မှန်းထားကြသည်။ ထိုသို့ကျောက်ပြားကြီးနှစ်ချပ်ကွဲကွာသွားလျှင် မာဒါဂတ်စကာကျွန်းကြီးသည်လည်း ကျွန်းငယ်နှစ်ကျွန်းအဖြစ်ကွဲသွားမည်ဟု ခန့်မှန်းထားသည်။



# အမ်ဘာတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ဇယားထိပ်၌ လေးမှတ်ဖြတ် ဦးဆောင်

ဗယ်လာဒိုးလစ် အသင်းနဲ့ ရီးယဲလ်မက်ဒရစ် အသင်းတို့ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယား ထိပ်ဆုံးမှာ လေးမှတ်ဖြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူးအမ်ဘာတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့တာဖြစ်ပြီး အမ်ဘာတ်ပီအနေနဲ့ မိနစ် ၃၀၊ ၅၇ မိနစ်နဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို တစ်မိနစ်တို့မှာ သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။



တိုက်စစ်မှူး အမ်ဘာတ်ပီဟာ လာလီဂါပွဲစဉ်(၂၁)မှာ ဟက်ထရစ် သွင်းယူနိုင်ခဲ့ခြင်းဟာ ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဘဝ ပထမဆုံး ဟက်ထရစ် သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယား ဒုတိယနေရာက အက်သလက်တီကို မက်ဒရစ်အသင်းကို လေးမှတ်ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ဟက်ထရစ် သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘာတ်ပီကတော့ ယခုဘောလုံးရာသီမှာ လာလီဂါသွင်းဂိုး ၁၅ ဂိုး သွင်းယူထားနိုင်ခဲ့ပြီ ဖြစ်တာကြောင့် လာလီဂါသွင်းဂိုး ၁၆ ဂိုး သွင်းယူထားပြီဖြစ်တဲ့ ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့အောက် ဒုတိယသွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။

# ချယ်လ်ဆီးအသင်းကိုအနိုင်ရပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်အဆင့်(၄)နေရာ ပြန်လည်ရောက်ရှိ



ပရီမီယာလိဂ် ပွဲစဉ်(၂၃)ရဲ့ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်မှာ မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)နေရာကိုပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းက ပထမပိုင်းပွဲကစားချိန် ၃ မိနစ်မှာ မာဒူကီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် မန်စီးတီးအသင်းက ၄၂ မိနစ်မှာ ဂျီဗာဒီယိုးလ်ရဲ့ သွင်းဂိုး၊ ၆၈ မိနစ်မှာ ဟာလန်းရဲ့ သွင်းဂိုး၊ ၈၇ မိနစ်မှာ ဖီးလ်ဖိုဒမ်ရဲ့ သွင်းဂိုးတို့ရရှိခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၃)မှာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းနဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်(၁၀)ပွဲမှာလည်း ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၆)နေရာကို ဆင်းပေးခဲ့ရတာလည်း ဖြစ်ပါတယ်။

# နော့တင်ဟမ်ဖောရက်စ်အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး ဘုန်းမောက်အသင်း ၁၁ ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်

ဘုန်းမောက်အသင်းဟာ ဇန်နဝါရီ ၂၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ပွဲစဉ်မှာ ငါးဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် ၁၁ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘုန်းမောက်အသင်းအနေနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ကိုးမိနစ်မှာ ကလူအီးဗက်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်၊ ၆၁ မိနစ်နဲ့ ၈၇ မိနစ်တို့မှာ ကွာတာရာရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ဆီမန်ယိုရဲ့ သွင်းဂိုးတွေ ရရှိခဲ့တာဖြစ်ပါတယ်။




အခုပွဲစဉ်မှာ ဘုန်းမောက်အသင်းနဲ့အတူ သွင်းတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကလူအီးဗက်ဟာ ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၁၁ ဂိုးအထိ ရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၂၃) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၀ နဲ့ အမှတ်ပေးဇယား အဆင့်(၇)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းကတော့ ဘုန်းမောက်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၃) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၄ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၃)နေရာမှာ ရပ်တည်ခွင့်ရရှိနေတာ ဖြစ်ပါတယ်။




# မန်ယူအသင်းတောင်ပံကစားသမား အန်တိုနီ ရီးယဲလ်ဘတ်တစ်သို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

မန်ယူအသင်းရဲ့ တောင်ပံကစားသမား အန်တိုနီဟာ စပိန်လာလီဂါကလပ် ရီးယဲလ်ဘတ်တစ်အသင်းဆီကို ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ ဘရာဇီးတောင်ပံကစားသမား အန်တိုနီဟာ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းက အေဂျက်အသင်းကနေ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၈၁ ဒသမ ၃ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းရဲ့သမိုင်းမှာ ကွင်းလယ်ကစားသမား ပေါ့ဘာ နောက်ပိုင်း ဒုတိယမြောက် ဈေးအကြီးဆုံးကစားသမားအဖြစ် စံချိန်တင်ခဲ့တာ ဖြစ်ပါတယ်။

အန်တိုနီဟာ မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၉၆ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၂ ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် ၂၀၂၃ ခုနှစ် ဧပြီလနောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အန်တိုနီရဲ့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၇ ခုနှစ်မှ ကုန်ဆုံးမှာဖြစ်ပြီး လက်ရှိအချိန်မှာ တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းရရှိနေပေမယ့် လက်ရှိအချိန်မှာတော့ ရီးယဲလ်ဘတ်တစ်အသင်းဆီကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့တာလည်း ဖြစ်ပါတယ်။




# ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ကိုလိုမူယာနီ ဂျူဗင်တပ်သို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ကိုလိုမူယာနီဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဆီကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ကိုလိုမူယာနီဟာ ယခုဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၄ ပွဲအထိ ပါဝင်ကစားပေးခဲ့ပေမယ့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက် နောက်ပိုင်းကတည်းက ပီအက်စ်ဂျီအသင်းမှာ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ကိုလိုမူယာနီဟာ ဂျူဗင်တပ်အသင်းဆီ မပြောင်းရွှေ့မီက စပါးအသင်းနဲ့ မန်ယူအသင်းတို့ အပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းအများစုက ခေါ်ယူဖို့ စိတ်ဝင်စားခြင်းခံခဲ့ရသူလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ကိုလိုမူယာနီဟာ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်းက ဖရန့်ဖက်အသင်းကနေ ပီအက်စ်ဂျီအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၇၅ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအနေနဲ့ ကိုလိုမူယာနီကို ငါးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်




## ကန့်ဘလူမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**ကန့်ဘလူ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အထက်တန်းပြ ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်အိုင် ဒေါက်တာ ဉာဏဝရခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန့်ဘလူခရိုင် ဥပဒေအရာရှိ ဦးထက်ဝေလင်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်း စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

☆ **ပေါင်းတည်မှ**

စိုက်ပျိုးမြေနေရာအနှံ့တွင် သစ်စိမ်းမြေဩဇာ( ပိုက်ဆံလျှော်ပင်)များ ထည့်သွင်း မြှုပ်နှံထားခြင်းအားဖြင့် ဆုံးရှုံးသွားသော မြေဆီဩဇာများ ပြန်လည်ဖြစ်ထွန်းလာစေနိုင်ကြောင်း သိရသည်။ စိုက်ပျိုးမြေပြုပြင်နိုင်စေရေးအတွက် ပိုက်ဆံလျှော်ပင် အများအပြား စိုက်ပျိုးထုတ်လုပ်ရန် မျိုးစေ့ထုတ် ပိုက်ဆံလျှော်စိုက်ခင်းများ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ တောင်သူများသို့ ထိုမျိုးစေ့များအားဖြန့်ဝေ၍ ပိုက်ဆံလျှော်ပင်များစိုက်ပျိုးစေကာ သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုခြင်းဖြင့် သီးနှံများအရည်အသွေးမီ ဖြစ်ထွန်းအောင်မြင်နိုင်ကြမည်ဖြစ်ကြောင်း ပေါင်းတည်မျိုးသန့်ခြံ မျိုးစေ့ထုတ်ဌာနခွဲ တာဝန်ခံ ဒေါ်ငွေငွေတင်က ရှင်းပြသည်။

အဆိုပါ မျိုးစေ့ထုတ် ပိုက်ဆံလျှော်ပင်များကို မျိုးသန့်ခြံအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ ၁၂ဧက စိုက်ပျိုးထားကြောင်း၊ ယခုအခါ ၄၅ ရက်သား ရှိနေကြပြီး ဖူးပွင့်နေကြပြီဖြစ်ကြောင်း၊ နောက်ထပ် ရက်ပေါင်း ၆၀ ကြာလျှင် မျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **ရွှေသား( ပြန်/ဆက်)**

---

❋ **ကျောဖုံးမှ**

MIU အသင်း ခြောက်ဂိုးစီသရေကျခဲ့သည်။ ခြောက်ပွဲဆက် အနိုင်ရထားသည့် MIU အသင်းသည် ဒုတိယနေရာမှ MH Dream Team အသင်းနှင့် အမှတ်ကွာဟမှုလျော့ကျခဲ့သည်။ ထို့ပြင် Generations အသင်းမှာလည်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး လက်ရှိချန်ပီယံ VUC အသင်းနှင့် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် YRG အသင်းလည်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၇) အပြီးတွင် MIU အသင်းက ၁၉ မှတ်၊ MH Dream Team အသင်းက ၁၇ မှတ်၊ YRG အသင်းက ၁၂ မှတ်၊ M2K အသင်းနှင့် Generations အသင်းတို့က ၁၁ မှတ်စီ၊ VUC အသင်းက ၁၀ မှတ်၊ Winner Soccer အသင်းနှင့် YCDC Marga အသင်းတို့က ငါးမှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ SGF အသင်းက သုံးမှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံ
## စိန်ပန်းမြေမှာ
## ၁၉၇၀ ခုနှစ်က စတင်အတူတူ ကျောင်းတက်ခဲ့ကြတဲ့ သူငယ်ချင်းများ ခင်ဗျား

ဒီနှစ် ၂၀၂၅–ခုနှစ် မှာ (၅၅)နှစ်မြောက်ခဲ့ပါပြီ။

ကွဲကွာသွားတဲ့ သူငယ်ချင်းတွေလည်းရှိခဲ့ကြသလို ဒို့တွေရဲ့ အသက်တွေလည်း (၇၀)ကျော်လာကြပြီး တစ်ဦးနှင့်တစ်ဦး မတွေ့ဖြစ်ကြတာလည်း ကြာလာပြီလေ။ တွေ့နိုင်ဖို့အခွင့်အရေးရှိနေချိန်လေးမှာ တွေ့ကြရအောင် **၈–၂–၂၀၂၅ (စနေနေ့) နံနက်(၁၁:၀၀)နာရီမှာ ပြည်သူ့ရင်ပြင်၊ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်**ကို ဆက်ဆက်လာကြပါနော်။ အားလုံးကို မျှော်နေပါ့မယ်။ **တွေ့ဆုံပွဲဖြစ်မြောက်ရေးအဖွဲ့**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ ပတ်လမ်း၊ အမှတ်–၁ရှိ စူရိသီစွန္တီကရ်ဝါးဂျာမေဗလီဝတ်ကျောင်းတော်ကြီးနှင့်ပတ်သက်ပြီး အများသိစေရန်နှင့် သတိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာပတ်လမ်း၊ အမှတ်–၁ ရှိ စူရိသီစွန္တီကရ်ဝါးဂျာမေဗလီဝတ်ကျောင်းတော်ကြီးနှင့်ပတ်သက်၍ (၂–၇–၂၀၂၄)ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ စာအမှတ်–၅(၅၀–၀၂)/၆/ကောင်စီရုံး၏ စာအရလည်းကောင်း၊ (၉–၅–၂၀၂၄)ရက်စွဲပါ တိုင်းဒေသကြီးသာသနာရေးမှူးရုံး၏ စာအရလည်းကောင်း၊ (၁၈–၂–၂၀၂၄)ရက်စွဲပါ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးများ၏ ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့သောစာတို့အရလည်းကောင်း၊ ဌာနဆိုင်ရာနှင့် သာသနာရေးအဖွဲ့များ၏ စာများအရ ယင်းဗလီဝတ်ကျောင်းတော်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တရားမကျင့်ထုံးဥပဒေပုဒ်မ–၉၂အရ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းတစ်ရပ်ရေးဆွဲကာ ယင်းစည်းမျဉ်းနှင့်အညီ ဂေါပကအဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် (၁၄–၁–၂၀၂၅)ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဗဟိုဝင်စာအမှတ်– ၁၆၁ဖြင့် လျှောက်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၀–၁–၂၀၂၅)၊(၁၇–၁–၂၀၂၅)ရက်နေ့တွင် ဤဗလီကြီး၏အစည်းအဝေးတက်ရောက်သူများက ထိုသို့ဌာနဆိုင်ရာနှင့် ဘာသာရေးအဖွဲ့အစည်းများသို့ တရားဝင်လျှောက်ထားဆောင်ရွက်ထားပြီးဖြစ်ကြောင်း အစည်းအဝေးမှတ်တမ်း ပြုလုပ်ထားပြီးဖြစ်၍ ထိုဗလီကြီး၏ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ထိုဗလီကြီး၏ဂေါပကအဖွဲ့နှင့် ဗလီကြီးအား နှောင့်ယှက်ဟန့်တားခြင်းများ မပြုလုပ်ရန် ဗလီကြီး၏ဂေါပကအဖွဲ့သည် လိုအပ်သည်များကို ဌာနဆိုင်ရာနှင့်ဘာသာရေးအဖွဲ့များသို့ တင်ပြဆောင် ရွက်ထားကြောင်း အများသိစေရန်နှင့် သတိပေးတားမြစ်လိုက်သည်။

အကယ်၍ မလိုအပ်ဘဲ ဗလီကြီးနှင့်ဂေါပကအဖွဲ့အား မမှန်မကန် နှောင့်ယှက်တားဆီးလာပါက ဥပဒေနှင့်အညီ ဌာနဆိုင်ရာနှင့်ဘာသာရေးအဖွဲ့များသို့တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးရွှေလှိုင်တင် | ဦးခင်မောင်လွင် | ဒေါ်ခင်အေးလှိုင် |
|---|---|---|
| BA,HGP,PGDL,DBL | (LL.B.D.B.L, D.I.L) | LL.B, LL.M(Civil Law) |
| စဉ်–၁၀၆၈၃ | စဉ်–၁၃၈၈၃(၁၄–၁၂–၂၀၁၇) | စဉ်–၁၂၂၀၈ |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၅၈၉၀၇၊ ၀၉–၉၆၅၀၅၈၉၀၇၊ ၀၉–၂၅၄၁၃၄၄၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ မြေကွက်အမှတ်(၄၂၀)ပေါ်ရှိ အခန်းအမှတ်–မြေညီထပ်(ခြေရင်း)၊ တိုက်ခန်းအကျယ် (၁၅ ပေ x ၄၀ ပေ) ခန့်ရှိသော မြေညီတိုက်ခန်း(၁)ခန်း၊ မြေရှင် အကျိုးခံစားခွင့်၊ မြေပိုင်ဆိုင်မှုအပါအဝင် အကျယ်အဝန်း မြေ အကျယ် (၂၀ ပေ x ၄၀ ပေ) ရှိ မြေနှင့် ရေ၊ မီး၊ မော်တာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ –**ဒေါ်ဟန်ဇာလင်း [၇/ဖမန(နိုင်)၁၇၇၇၃၆]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းအား မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရတနာငွေခိုင် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ် – ၅၀၅၁၉)**
**အမှတ် (B–3–0904)၊ Golden City Condominium၊ ရန်ကင်းလမ်းမ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–09–403671020**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မနောဟရ(အထက်)လမ်း၊ အမှတ်(၁၁၀)ဟုခေါ်တွင်သော အလျား(၁၈ ပေ x အနံ ၅၄ ပေ)ရှိ ပထမထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်ထံမှ နောက်ဆုံးစာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်သိန်းဦး [၁၂/မဂတ(နိုင်)၀၆၇၂၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးခန့်ညီအောင်[၆/မမန(နိုင်)၁၈၈၂၀၀]မှ စရန်ပေးစာချုပ် ပြုလုပ်ချုပ်ဆိုကာအရောင်းအဝယ်ပြုလုပ်ထားပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူသူမှ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခန့်ညီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခိုင်ခိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၄၃)**
**အမှတ်–၃၉(၅လွှာ)၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်။**
**Ph–၀၉–၇၆၃၃၄၆၀၁၇၊ ၀၉–၉၆၃၁၀၂၂၄၈**

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၂၀) အား (၁–၂–၂၀၂၅) (စနေနေ့) နံနက် (၉:၀၀) နာရီမှ ညနေ (၁၅:၀၀) နာရီထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ရွှေဆိုင်ပိုင်ရှင်များနှင့် ရွှေလုပ်ငန်းရှင်များအနေဖြင့် အမှတ်(၄၂/၅၀)၊ ပထပ်၊ ရွှေဘုံသာ(အောက်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–09–450049282၊ 09–880002052 သို့ ဆက်သွယ်စုံစမ်းမေးမြန်းပြီး (အခမဲ့) ကြိုတင်လာရောက်လျှောက်ထားနိုင်ပါသည်။

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာနေ (ဘ) ဦးနော်ဇီ အာမက်၏ သားဖြစ်သူ ဦးမိုးကျော်(ခ)ဦးရှော်ဖီ [၁၂/မဘန(နိုင်)၀၈၈၈၀၆] နှင့် ဦးမိုးကျော်သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမိုးကျော်(ခ)ဦးရှော်ဖီ [၁၂/မဘန(နိုင်)၀၈၈၈၀၆]**

## THE BIG NINE COMPANTY LIMITED
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ–၃၄၈ အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးတွင်ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ The Big Nine Company Limited ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၃၁–၁၂–၂၀၂၄) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင် ဦးကြည်လင် (B.Com A.A, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B.Com,D.A) အား လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ် မတ်လ (၃၁)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| ဦးဝင်းကျော် | ဦးကြည်လင် |
|---|---|
| (B.Com,D.A) | (B.Com, A.A, CPA) |
| လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ကြားတောရ(၃)လမ်းနေ ဒေါ်ကြည်ကြည်ထွေး [၇/ညလပ(နိုင်)၀၈၄၂၇၉] ၏သား မောင်သီဟအောင်မြင့် [၇/ညလပ(နိုင်)၁၂၅၅၀၉] သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်သီဟအောင်မြင့်နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ) မိဘမောင်နှမများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ကြည်ကြည်ထွေး**

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုထက်အိန္ဒြေ(ခ)ညိမ်းချမ်းရှင် [၁၂/လမန(နိုင်)၁၆၁၀၅၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုထက်အိန္ဒြေ(ခ)ညိမ်းချမ်းရှင်၏ လုပ်ငန်း Business Page ဖြစ်သော Sweet Chocoli Wholsale Followers 317K ရှိသော Page နှင့် Tik Tok Account နှစ်ခုအား Linn Htet Naung Facebook account မှ အမည်တပ်ကာ စော်ကားရေးသားခြင်းများ ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေအသုံးပြုသော Business Page (၂) ခုအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားမည်သည့် နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေသော မည်သည့်အရေးအသား၊ အပြုအမူဖော်ပြချက် တစ်စုံတစ်ရာကိုမဆို ၎င်းနှင့်ပတ်သက်သော Facebook စာမျက်နှာပေါ်တွင်လည်းကောင်း၊ Facebook Comment များတွင်လည်းကောင်း၊ Messenger, Viber အစရှိသော ဆက်သွယ်မှုကွန်ရက်များမှလည်းကောင်း ရိုင်းစိုင်းသော အပြောအဆိုအရေးအသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရေးသားခြင်း၊ လူမှုရေး Website၊ ဂျာနယ်၊ သတင်းစာမျက်နှာ တစ်စုံတစ်ရာပြုလုပ်ခြင်း၊ ဖန်တီးခြင်း စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများကို တွေ့ရှိပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ.လ.ရ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း–၀၉–၄၅၁၁၂၈၇၇၆၊ ၀၉–၆၆၆၁၄၄၈၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သည့် ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(ခ/၇)၊ ဧရိယာ(၀.၀၂၈)ဧက၊ (၂၅ပေx ၅၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမြအောင် (S/KGN–၀၀၀၇၅၈) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူ ဦးမြအောင်မှာ (၁၄–၅–၂၀၁၈)နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူ ဇနီး ဒေါ်လှညွန့် [၁၂/ဒပန(နိုင်)၀၂၅၉၄၁]က ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅**

## "အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်/သံဒင်း၊ ခွာညိုလမ်း၊ အမှတ်–၁၂၈၃/က၊ အလျား(၁၀)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်၌ဆောက်လုပ်ထားသည့် နေအိမ်အား (၉–၁၀–၂၀၂၄) ရက်စွဲပါ အိမ်၊ ခြံ၊ မြေ အပြီးပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဦးရဲနိုင် [၈/ဆပန(နိုင်)၀၉၈၀၉၀]မှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ၎င်း အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်သော ပိုင်ဆိုင်မှု အဝဝသည် ဦးရဲနိုင်နှင့်သာ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးဖြိုး(LL.B) | ဦးသူရကျော်(LL.B, DIL) |
|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၂၉၆၈၈) | (စဉ်–၁၅၀၇၆) |

**အမှတ်(၇၆)၊ စွယ်တော်လမ်း ၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၆၀၀၂၅၉၅၀၊ ၀၉–၄၂၀၂၈၀၃၇၉**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာကမ်းနားလမ်း၊ အိမ်အမှတ် (၃၃၅)နေ ဒေါ်လှလှဝင်း [၁၂/ဒပန(နိုင်)၀၁၉၆၂၅]၏သား မောင်အောင်သူဖြိုး [၁၂/ဒပန(နိုင်)၀၅၀၄၆၇]သည် မိခင်၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေ ပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်အောင်သူဖြိုးနှင့် ပတ်သက်ဆက်နွယ်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်အောင်သူဖြိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှဝင်း**
**[၁၂/ဒပန(နိုင်)၀၁၉၆၂၅]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ်–၃၈၇/၃၉၅၊ (၆–လွှာ–A) အကျယ်အဝန်း(၂၅x၅၄) ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်အသုံးပြုထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ဆိုင်သူထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးလျန်ဟမ်း [၄/တဇန(နိုင်)၀၀၁၇၈၉] က မိမိသာလျှင် ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းထိုက်ဦး [၁၂/သဃက(နိုင်)၁၉၀၉၄၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၂၄)**
**အမှတ်–၄၄၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–09–443043490၊ 09–975643348**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)
## (နေပြည်တော်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက် ရှိသော အောက်ပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်းထား | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/B.Econ/BBA/ B.Act | ကျား/မ (၅)နေရာ |
| (ခ) | စက်မှုစီမံရေး(၂)/ စစ်ဆေးရေးမှူး(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) B.E (Electrical Power)/Electronics & Communication)/(Mechanical)/ (Petroleum) | ကျား/မ (၇)နေရာ |
| (ဂ) | ဓာတ်ခွဲကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Chemical) B.Sc(Industrial Chemistry/Chemistry) | ကျား/မ (၈)နေရာ |
| (ဃ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀- ၁၉၀၀၀၀ | ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၁၀)နေရာ |
| (င) | စက်မှုစီမံရေး(၄)/ စစ်ဆေးရေးမှူး(၄) | ၁၈၀၀၀၀-၂၀၀၀- ၁၉၀၀၀၀ | A.G.T.I(ဒီပလိုမာ) | ကျား/မ (၁၅)နေရာ |
| (စ) | ဒုတိယလက်ထောက် ဦးစီးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.G.T.I(ဒီပလိုမာ)/T.H.S/ I.T.C/ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၁၅)နေရာ |
| (ဆ) | ဓာတ်ခွဲကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Sc(Industrial Chemistry/Chemistry) | ကျား/မ (၅)နေရာ |
| (ဇ) | ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့တစ်ခုခု + ကွန်ပျူတာ ကျွမ်းကျင် | ကျား/မ (၁၀)နေရာ |
| (ဈ) | လုပ်သား | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ | ကျား/မ (၄၆)နေရာ |
| (ည) | သန့်ရှင်းရေးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အနည်းဆုံးပညာအရည်အချင်း မူလတန်းရှိရမည်။ | ကျား/မ (၄)နေရာ |

၂။ လစ်လပ်ရာထူးနေရာများအတွက် အောက်ပါအချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူများသည် ၃၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် လုပ်သားရာထူးဖြစ်ပါက ၃၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက် (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(င) အမှတ်စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) ရာထူးတို့အတွက် ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(စ) ရွေးချယ်ခြင်းခံရသူများသည် ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https:\\ www.energy.gov.mm နှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https:\\ www. pprd. gov.mm တို့တွင်လည်းကောင်း Download ရယူနိုင်ပါသည်။

(လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်း မပြုပါ)လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာပါရှိရမည်-

(က) ပညာအရည်အချင်းအထောက်အထားမိတ္တူမှန်။(စာမေးပွဲဖြေဆိုသည့်အခါ မူရင်းတင်ပြနိုင်ရမည်။) (ဘွဲ့လက်မှတ်၊(၁၀) တန်းအောင်လက်မှတ်။)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ။

(ဃ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း။ (တစ်လအတွင်း။)

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း။ (တစ်လအတွင်း။)

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ်အသားဖော်ပြရန်။)

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ။(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

(ဈ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်။

၄။ လျှောက်လွှာများကို တင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့လည်းကောင်း ၁၇-၂-၂၀၂၅ ရက်နေ့ အရောက်ပေးပို့လျှောက်ထားရမည်။

၅။ သတ်မှတ်ထားသည့် စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အမှတ်စဉ်(က)မှ(ဇ)အထိ ရာထူးများသို့ လျှောက်ထားသူများအနေဖြင့် ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာ ရပ်များကိုဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပမည့်နေ့ရက်၊ နေရာ၊ အချိန်နှင့် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား အထက်ပါ အင်တာနက်စာမျက်နှာ တို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၇။ လတ်တလောအခြေအနေများအရ ရေးဖြေစာမေးပွဲအား ရုံးအမှတ်(၆) နေပြည်တော်နှင့် ပြည်နယ်/ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ (ကချင်ပြည်နယ်/ကယားပြည်နယ်/ကရင်ပြည်နယ်/ ချင်းပြည်နယ်/ရခိုင်ပြည်နယ်/ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှအပ)တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရေးဖြေ ဖြေဆိုလိုသည့်နေရာအား တိကျစွာ ထည့်သွင်းဖော်ပြ လျှောက်ထားရမည်။

၈။ လုပ်သားရာထူးသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ် စစ်ဆေးရေးအရာရှိရုံးများတွင် ပြုလုပ်သွားမည် ဖြစ်ပြီး ပြုလုပ်သွားမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၄၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းအား အထက်ပါ အင်တာနက်စာမျက်နှာများတွင် ထုတ်ပြန်ကြေညာသွားပါမည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ်(၂၂၇) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဦးညွန့်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၅-၁-၂၀၂၅)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးချစ် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)**

**ဒေါ်သက်ဝေအောင် (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)**

**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778849700, 09-773562082**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၄/ ၁၀-ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊အမှတ်-(၇၇၆/က) ဟုခေါ်တွင်သော အိမ်ခြံမြေပေ(၂၀x၆၀)နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၄/၁၀-ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊ အမှတ်-(၇၇၆/က) ဟုခေါ်တွင်သော ဦးထွန်းသိန်း (T/ RGN-၀၁၂၈၂၉)အမည်ပေါက် အိမ်ခြံမြေ ပေ(၂၀x၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်နှင်းနှင်းဝေ [၁၂/ရပသ(နိုင်)၀၇၄၀၅၂] မှ မိခင်ကြီး ဒေါ်မြင့်ရီအပါအဝင် မောင်နှမများအားလုံးနှင့် မိသားစုပစ္စည်းခွဲဝေခြင်း ဝန်ခံကတိ စာချုပ်အား (၃၁-၃-၂၀၂၄)ရက်နေ့တွင် ချုပ်ဆို၍ ကျန်မောင်နှမများအားလုံးကို ၎င်းတို့ရရှိမည့်ဝေစုများအား အသီးသီးခွဲဝေပေးအပ်ခဲ့ပြီးနောက် အိမ်ခြံမြေအား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်မိတ်ဆွေမှ မိသားစုပစ္စည်းခွဲဝေပေးခြင်း ကတိစာချုပ်ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ခဲ့သော အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ ခြံမြေကွက် အပြီးသတ်အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၉)**
**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ဈ/၃၃/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၂၉၈၇၉**

## မြန်မာနိုင်ငံဘားကုဒ်အသင်း
## ပဉ္စမအကြိမ် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဘားကုဒ်အသင်း၏ ပဉ္စမအကြိမ် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးအား Hybrid ပုံစံဖြင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည် –

ကျင်းပမည့်နေ့ရက် - မတ်လ (၁) ရက်၊ ၂၀၂၅ ခုနှစ် (စနေနေ့)
ကျင်ပမည့် အချိန် - နေ့လည် (၁) နာရီ မှ (၂:၃၀) နာရီ
ကျင်းပမည့် နေရာ - ကုန်သည်စက်မှုအသင်းချုပ် ( ၄ ) လွှာ၊ အစည်းအဝေးခန်းမ၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Online မှ တက်ရောက်မည့်သူများ အတွက် အစည်းအဝေးတက်ရောက်ရန် Zoom Meeting Link အား အသင်းဝင်များ Email သို့ ပေးပို့ထားပါမည်။ လူကိုယ်တိုင်တက်ရောက်မည့်သူများအနေဖြင့် နေရာ ထိုင်ခင်း စီစဉ်နိုင်ပါရန် အသင်းရုံးဖုန်းနံပါတ် ၀၉ ၄၄၆၈၆၈၀၀၄ သို့ (၂၁.၂.၂၀၂၅) နေ့ရက်မတိုင်မီ ဆက်သွယ် အကြောင်းကြားပေးပါရန် ပန်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အသင်း၏နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို အသင်းသို့ ဆက်သွယ်ရယူနိုင်ပါသည်။ မေးမြန်းလိုသည့် မေးခွန်းများအား အစည်းအဝေးရက် မတိုင်မီ (၂၆.၂.၂၀၂၅) ရက်နေ့နောက်ဆုံးထား၍ အသင်းရုံး Email သို့ပေးပို့ထားနိုင်ပါကြောင်း အသိပေးအကြောင်း ကြားအပ် ပါသည်။

ဆက်သွယ်ရန်အသင်းရုံးဖုန်းနံပါတ် - ၀၉၄၄၆၈၆၈၀၀၄၊ Email: info@gs1myanmar.org

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘားကုဒ်အသင်း

## မြန်မာနိုင်ငံဘားကုဒ်အသင်း
## အသင်းသူ၊ အသင်းသားများ သိသာပါရန်

မြန်မာနိုင်ငံဘားကုဒ်အသင်း၏ ၂၀၂၄-၂၀၂၆ (၂)နှစ် သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲအား Hybrid ပုံစံဖြင့် အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လူကိုယ်တိုင်သော်လည်းကောင်း၊ Online မှသော်လည်းကောင်း အသင်းဝင်များ တက်ရောက်ဆန္ဒမဲ ပေးကြပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည် -

ကျင်းပမည့်နေ့ရက် - မတ်လ (၁) ရက်၊ ၂၀၂၅ ခုနှစ် (စနေနေ့)
ကျင်းပမည့် အချိန် - နံနက် (၁၀) နာရီ
ကျင်းပမည့်နေရာ - ကုန်သည်စက်မှုအသင်းချုပ် ( ၄ ) လွှာ၊ အစည်းအဝေးခန်းမ၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Online မှ တက်ရောက်မည့်သူများ အတွက် ရွေးကောက်ပွဲတက်ရောက်ရန် Zoom Meeting Link အား အသင်းဝင်များ Email သို့ ပေးပို့ထားပါမည်။ လူကိုယ်တိုင်တက်ရောက်မည့်သူများ အနေဖြင့် နေရာထိုင်ခင်းစီစဉ်နိုင်ပါရန် အသင်းရုံး ဖုန်းနံပါတ် ၀၉ ၄၄၆၈၆၈၀၀၄ သို့ (၂၁.၂.၂၀၂၅) နေ့ရက်မတိုင်မီ ဆက်သွယ်အကြောင်းကြားပေးပါရန် ပန်ကြား အပ်ပါ သည်။

**ဆန္ဒမဲပေးမည့် အသင်းဝင်များ သိသာရန်**

(၁) ၃၁.၁.၂၀၂၅ ရက်နေ့ အထိ အသင်းဝင်ထားသူများအားလုံး မဲပေးခွင့်ပြုပါသည်။

(၂) အသင်းဝင်များ သက်တမ်းတိုးနှစ်စဉ်ကြေးပေးသွင်းခြင်းကို ၃၁.၁.၂၀၂၅ နေ့ရက် နောက်ဆုံးထား အကျေအလည် ပေးသွင်းပြီးမှသာ ဆန္ဒမဲပေးခွင့်ပြုမည်။

(၃) ဆန္ဒမဲပေးမည့် အသင်းဝင်များ မှတ်ပုံတင်ခြင်းပုံစံကို အသင်းဝင်များ၏ Email သို့ပေးပို့ ထားမည်ဖြစ်ပြီး၊ ဆန္ဒမဲ ပေးရန်မှတ်ပုံတင်ခြင်းပုံစံအား ၂၁.၂.၂၀၂၅ နေ့ရက် ညနေ (၄) နာရီ နောက် ဆုံး၍ အောက်ဖော်ပြပါ အသင်းရုံးဖုန်း (Viber) နှင့် Email သို့ ပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ ဆန္ဒမဲပေးမည့်သူများအနေဖြင့် ကြိုတင်မှတ်ပုံတင်မှသာ မဲပေးခွင့် ရရှိမည် ဖြစ်ပါ သဖြင့် မှတ်ပုံတင်ခြင်း အား ဖုန်း Viber ၀၉၄၄၆၈၆၈၀၀၄ (သို့မဟုတ်) Email: info@gs1myanmar.org သို့ဆက်သွယ်၍ သတ်မှတ်ရက် မတိုင်မီ အမည်စာရင်းပေးပို့ စာရင်းပေးသွင်းနိုင်ပါသည်။

**အလုပ်အမှုဆောင်ဆန္ဒပြုသူ အသင်းဝင်များ သိသာရန်**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အရွေးချယ်ခံမည့်ပုဂ္ဂိုလ်သည် အသက် (၂၅) နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၃) အသင်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ စည်းကမ်းသတ်မှတ်ချက်များ လိုက် နာနိုင်သူ ဖြစ်ရမည်။

(၄) ၃၁.၁.၂၀၂၅ နေ့ရက်တွင် အသင်းဝင်သက်တမ်း တစ်နှစ်ပြည့်ပြီး နှစ်စဉ်ကြေးများကို အသင်းရုံးသို့ ၃၁.၁.၂၀၂၅ ရက်တွင် အကျေအလည်ပေးသွင်းပြီးသူဖြစ်ရမည်။

(၅) သတ်မှတ်ထားသောရက်အတွင်း အသင်းဝင်သက်တမ်း (၁) နှစ်ပြည့်ပြီးသူများသာ အလုပ် အမှုဆောင် အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(၆) အလုပ်အမှုဆောင် ဆန္ဒပြုသူများ၏ ဆန္ဒပြုလွှာများကို ၂၀.၂.၂၀၂၅ ရက် ညနေ (၄) နာရီ နောက်ဆုံးထား ပေးပို့ ရမည်။

(၇) မြန်မာနိုင်ငံဘားကုဒ်အသင်း၌ အလုပ်အမှုဆောင် သက်တမ်းတစ်ခု အနည်းဆုံး တစ်ကြိမ် တာဝန်ယူထမ်းဆောင်ခဲ့သူသည် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ် ခံခွင့် ရှိသည်။

(၈) အလုပ်အမှုဆောင်လျှောက်လွှာများအားသတ်မှတ်အရည်အချင်းပြည့်မီသည့် အသင်းဝင် များထံသို့ Email မှတဆင့် ပေးပို့ထားပါမည်။ လျှောက်ထားလိုသူများအနေဖြင့် အချက်အ လက်များ မှန်ကန်စွာ ဖြည့်စွက်ပြီး သတ်မှတ်ရက် မတိုင်မီ အသင်းရုံးသို့လူကိုယ်တိုင် ဖြစ်စေ၊ Email: info@gs1myanmar.org မှဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ ပေးပို့လျှောက် ထား နိုင်သည်။

ပေးပို့ရန်လိပ်စာ- အမှတ်(၂၉)၊ အခန်း (၅၀၂)၊ ၅ လွှာ၊ UMFCCI Office Tower ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၄၆၈၆၈၀၀၄

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘားကုဒ်အသင်း

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ချစ်သော မီးမီး (ဥမ္မာစိုးအောင်)

ခွဲခွာသွားခဲ့သည်မှာ (၄) နှစ်ပြည့်ခဲ့ပါပြီ။
ကျန်ရစ်သူများက နေ့စဉ်သတိရကြပါသည်။
တိုက်ဆိုင်မှုရှိပါက ပို၍သတိရကြပါသည်။

အောင်နိုင်ဦး

တူးတူး

ဖူးဖူး

## ဒေါက်တာ မောင်မောင်ဦး (မြင်းခြံ)

**ဆေးတက္ကသိုလ်(၁) ၁၉၆၇-၇၄/၇၅**

**batch**

**အသက်(၇၆)နှစ်**

(ဦးစိန်-ဒေါ်ပု)တို့၏သား၊ ဦးစံသိန်း-(ဒေါ်ညွန့်ညွန့်)တို့၏ သားသမက်၊ ဒေါ်စီစီ(ဒေါ်စီစီဦး)၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုစိုးဝင်းဦး (Sunny)၊ ကိုမျိုးမင်းဦး(Philip) – Danni၊ ကိုမျိုးဝင်းဦး (Miles) – Jenny တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်၊ Julia နှင့် Teddy တို့၏ ချစ်လှစွာသော ဘိုးဘိုး ဒေါက်တာ မောင်မောင်ဦး သည် ၂၅-၁-၂၀၂၅ ရက် UK Local time ည ၉း ၃၅ နာရီတွင် Stevenage မြို့၊ UK တွင် (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေ ဆွေမျိုးများအား ညှိုးငယ်သော စိတ်ဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာမြတ်သင်း

**အသက်(၇၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အိမ်နံပါတ် (၁၁)၊ အေးရိပ်မွန် (၄)လမ်း၊ တတိယထပ်နေ (ဦးတင်အုန်း-ဒေါ်ကြည်ကြည်)တို့၏သား၊ ဦးစိုးဇာနည်-ဒေါ်သီရိရတနာမြတ်သင်း၊ ဦးအာကာမောင်မောင်မြတ်သင်း-ဒေါ်နွေနှောင်းလွင်၊ ဦးကျော်သူဟိန်း-ဒေါ်ဆုပြည့်ရတနာမြတ်သင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ငါး ယောက်၏အဘိုး၊ ဒေါက်တာဖြူတီခင်သင်းသင်းကြည်၏ ချစ်လှစွာသောခင်ပွန်း သည် (၉၆)ပါးရောဂါဖြင့် ၂၅-၁-၂၀၂၅ရက် ည ၈း၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၂၅ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးအား ၃၁-၁-၂၀၂၅ရက်တွင် အထက်နေအိမ်၌ ပြုလုပ်မည် ဖြစ်ကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၃၉)၊ ပဉ္စမထပ် (၆-လွှာ)၊ (ဘယ်)အကျယ်အဝန်း(အလျား ၁၂ပေခွဲxအနံ ၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးဝင်း [၁၂/တမန(နိုင်)၁၁၆၈၅၂]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်မာလာဟန် [၁၂/သဃက(နိုင်)၁၂၂၀၅၅] နှင့် ဦးမင်းသူဟိန်း [၁၂/ဒဂတ(နိုင်)၀၆၉၉၆၄]တို့မှ ဝယ်ယူရန်စရန်ငွေအချို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းစာရွက်စာတမ်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်သွယ်သွယ်ဌေး(LL.B, D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၀)**

**တိုက်(T-2)၊ အခန်း(၇၀၁)၊ ဇောတိကအိမ်ရာ၊ ဈ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**Ph:09-455753702**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မြင့်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(၁၉၉၄-၁၉၉၅)**

**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃) စုပေါင်းရပ်ကွက်၊ အမှတ်(၂၄၉)နေ (ဦးစံမြ-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဒေါ်နီလာမြင့်၊ ဦးမိုးအောင်လွင်-ဒေါ်စန္ဒာမြင့်၊ ဒေါ်သီတာမြင့်၊ ဦးတင်မြင့်ဦး-ဒေါက်တာမြတ်စုမွန်ဝင်း၊ ဦးတင်မြင့်ထွေး-ဒေါ်သိင်္ဂီဦးတို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးခင်မြင့် အသက် (၉၂) နှစ်သည် ၂၀-၁-၂၀၂၅ ရက်(တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးအေးသောင်း**

**မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)**

**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၅၁)၊ ဂန္ဓမာတိုက်(၃)၊ အခန်း-၆(ခ)နေ(ဦးကျင်ပွမ်-ဒေါ်ငွေလှိုင်) တို့၏ သမီးကြီး၊ (ဦးခင်လေးမောင်)၏ ဇနီး၊ ဒေါ်အေးအေးမြင့်၊ ဦးစိုးတင်-ဒေါ်သက်သက်ရှိန်၊ ဦးကြည်လင်း၊ ဦးညီညီ-ဒေါ်ခိုင်ခိုင်၊ ဦးလီတိန်စန်း-ဒေါ်တင်တင်ထွေး၊ ဦးမျိုးမြင့်ထွန်း-ဒေါ်လတ်လတ်တို့၏အစ်မကြီး၊ တူ/တူမ ငါးယောက်တို့၏ ကြီးကြီး၊ မြေးတစ်ယောက်၏ အဘွားဖြစ်သူ ဒေါ်အေးအေးသောင်းသည် ၂၅-၁-၂၀၂၅(စနေနေ့) ည ၇း၁၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသော ကြောင့် ၂၇-၁-၂၀၂၅(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ ဝဏ်ဘာလမ်း၊ မြေကွက်အမှတ်(၁၀၈၇)ဟုခေါ်တွင်သော ဦးကျင်ဆိုင် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်(မူရင်း)ပါ မြေအကျယ် (ပေ ၄၀ x ပေ ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့ကို ဦးလှမြင့် [၁၂/ဥကတ(နိုင်)၁၅၅၆၃၅]မှ ကိုယ်တိုင်ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သိန်းသိန်း [၁၂/လကန (နိုင်)၁၈၀၂၇၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၅)ရက်ကျော်လွန် သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ**

**ဒေါ်သိန်းသိန်း**

**ညွှန်ကြားချက်အရ-**

**ဒေါ်ဟန်နီထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၉)**

**အမှတ်(၆၄၀/ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၄၁၂၆**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၈၉)၊ မာန်ပြေ (၇)လမ်းအရှေ့၊ အကျယ်အဝန်း(အလျား ၁၄ပေ x အနံ ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ်ခွဲအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိ ပိုင်ဆိုင်သူ ဒေါ်နီလာသန်း[၁၂/သခန(နိုင်)၁၀၄၁၂၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလာ(PZDG-၀၀၆၄၃၈)မှ အပြီးအပိုင် ဝယ်ယူ လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ခင်ဌေး(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၅)(၁၄-၂-၂၀၁၇)**

**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊**

**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**




## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စမ်းစမ်းကြည်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးဆန်းမြင့်၏ ချစ်လှစွာသောဇနီး၊ မမေသဥ္ဇာဆန်း၊ ကိုစိုးပြေဦး-ဒေါက်တာ ခိုင်ဝတ်ရည်ဆန်း၊ ကိုသန့်ဇော်ထက်-မထက်ထက်ဝင်းတို့၏ ချစ်လှစွာသော မိခင်၊ မဆိုအမရာဦး၏ ချစ်လှစွာသော အဘွား ဒေါ်စမ်းစမ်းကြည်သည် ၂၆-၁-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၂း၀၈ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား သိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စမ်းစမ်းကြည်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးဆန်းမြင့်၏ ချစ်လှစွာသော ဇနီး ဒေါ်စမ်းစမ်းကြည် အသက်(၇၅)နှစ်သည် ၂၆-၁-၂၀၂၅ (တနင်္ဂနွေ နေ့) နံနက် ၂း၀၈ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ အမှတ် (၆) ရပ်ကွက်နေ ဒေါ်စုသက်ထွန်း၊ ဦးကျော်မင်းထွန်း၊ ဦးပြည့်စုံထွန်း၏ ညီအစ်ကိုမောင်နှမတော်စပ်သူ ဦးထက်လျှံထွန်းသည် ညီအစ်ကိုမောင်နှမ များ၏ ဆိုဆုံးမမှုအား လိုက်နာမှုမရှိ၊ မိသားစုဂုဏ်သိက္ခာထိခိုက်ကျဆင်း အောင် အမျိုးမျိုးပြုလုပ်ခဲ့ပါသည်။ ယခင်အချိန်များ၌လည်း ၎င်း၏ ကိစ္စရပ် အဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါဟု အများသိစေရန် ကြေညာထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုထပ်မံကြေညာ၍ ယခု ကြော်ငြာပါသည့်နေ့မှစ၍ ၎င်းနှင့်ပတ်သက်စပ်ဆိုင်သော မည်သည့်ကိစ္စရပ် အဝဝကိုမျှ ကျွန်ုပ်၏မိတ်ဆွေများမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ဘဲ လူမှုကွန်ရက် အွန်လိုင်းမီဒီယာများ၌လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ Facebook Messenger တွင်လည်းကောင်း၊ Viber တွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာညှိုးနွမ်း အောင် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးထက်လျှံထွန်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ဖြိုးထက် (အထက်တန်းရှေ့နေ) (စဉ်-၅၀၂၈၉)**

**အမှတ် (၅၁၄/၅၁၈)၊ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့် တိုင်းရင်းမေကွန်ဒို(3A)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၄၅၈၆၃၁၇၃၇**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၁၇)၊ လူနေရပ်ကွက်အမှတ်(၅)၊ သုမန(၄)လမ်း၊ အမှတ်(၄၁၇) ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် ခန်းများထဲမှ(မုန်ခန်း) (ခေါင်းရင်းခြမ်း)၊ တိုက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အခန်းအကျယ်အဝန်း (၁၅ပေx ၅၅ပေ)တိုက်ခန်းနှင့် မြေ(၁၀)ပေ ပိုင်ဆိုင်မှုအပါ အဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်အေးအေးငြိမ်း[၈/အလန (နိုင်) ၁၇၀၁၈၃]၊ ဒေါ်သန်းသန်း[၈/အလန(နိုင်)၁၁၈၆၇၇]တို့မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဒွဲအောင်[၁၃/ကလတ(နိုင်)၀၂၀၉၃၅]မှ ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်သည့်အတွက် အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ခင်ဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**

**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အိမ်အမှတ်(၂၉၆)နေ ဦးညိုဝင်း-ဒေါ်ကြည်ကြည်ဝင်း[၁၂/သကတ (နိုင်)၀၃၁၀၅၄]တို့၏သား မောင်နေမင်းအောင်[၁၂/သကတ(နိုင်) ၁၆၁၃၅၃]သည် မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်နေမင်းအောင်နှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ် အရှင်း ပြဿနာများနှင့်အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်နေမင်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဝင်း**

**[၁၂/သကတ(နိုင်)၀၃၁၀၅၄]**

**အရှေ့ဒဂုံမြို့နယ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံ နေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာ ရှိရန် လိုအပ်...

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## ပေါင်းတည်၌ သဘာဝမြေသြဇာ ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးထား

ပေါင်းတည် ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် တောင်သူများ၏ စိုက်ပျိုးမြေပြုပြင်ရေးအတွက် သဘာဝမြေသြဇာပင်များ စိုက်ပျိုးနိုင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ မျိုးသန့်ခြံ၌ ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်း ၁၂ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ✰

## MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲတွင် ရွှေပြည်သာယူနိုက်တက်နှင့် ရှိုင်ရယ်ရန်ကုန်အသင်း နိုင်ပွဲရရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၄-၂၀၂၅ ရာသီ MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ရွှေပြည်သာယူနိုက်တက်နှင့် ရှိုင်ရယ်ရန်ကုန်အသင်းတို့ နိုင်ပွဲရရှိသည်။

ဒုတိယနေ့တွင် ရွှေပြည်သာယူနိုက်တက်အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ ရှိုင်ရယ်ရန်ကုန်အသင်းက Mar Rein အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၂) အပြီး နှစ်ပွဲဆက်အနိုင်ရထားသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံရာတွင် ရှိုင်ရယ်ရန်ကုန်အသင်း အနိုင်ရပြီး ထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ○



ရှိုင်ရယ်ရန်ကုန်အသင်းနှင့် Mar Rein အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယနေ့ ဖတ်စရာ

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်စို့**

ဆောင်းပါး စာမျက်နှာ » ၁၀

**အမ်ဘတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ဇယားထိပ်၌ လေးမှတ်ဖြတ် ဦးဆောင်**

စာမျက်နှာ » ၂၄

## MFF ဖူဆယ်လိဂ် (၁) ပြိုင်ပွဲတွင် MH Dream Team နိုင်ပွဲဆက်သော်လည်း ထိပ်ဆုံးမှ MIU အသင်း နိုင်ပွဲဆက်မှုရပ်တန့်



M2K အသင်းနှင့် Generations အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ် (၁) ပြိုင်ပွဲ ပွဲစဉ် (၇) ကို ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ ဒုတိယနေရာမှ MH Dream Team အသင်း နိုင်ပွဲဆက်သော်လည်း ထိပ်ဆုံးမှ MIU အသင်း နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့သည်။

**အနိုင်ရ**

ပွဲစဉ် (၇) တွင် လက်ရှိချန်ပီယံ VUC အသင်းက ဖူဆယ်ချစ်သူအသင်းကို လေးဂိုး-တစ်ဂိုး၊ MH Dream Team အသင်းက Winner Soccer အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ M2K အသင်းက Generations အသင်းကို သုံးဂိုး-တစ်ဂိုး၊ YRG အသင်းက SGF အသင်းကို ရှစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး YCDC Marga အသင်းနှင့်

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❋